ENVIRONMENTAL INVESTIGATION AGENCY

# ခရိုအေးရှားသစ်လမ်းကြောင်းဖော်ထုတ်ခြင်း- မြန်မာနိုင်ငံထွက် တရားမဝင်ကျွန်းသစ်များကို ဥရောပနောက်ဖေးပေါက်မှ တင်သွင်းခြင်း

မေလ ၂၀၂၀

## မိတ်ဆက်ခြင်း

ဥရောပမှ သစ်တင်သွင်းသူများသည် ဥရောပသမဂ္ဂဥပဒေများကို ရှောင်ဖယ်ကာ မြန်မာနိုင်ငံမှသစ်များကို တင်ပို့နေကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စုံစမ်းရေးအဖွဲ့ (Environmental Investigation Agency-EIA) က စုံစမ်းဖော်ထုတ်ခဲ့သည်။

တရားမဝင်သည့်နည်းလမ်းများဖြင့် ရရှိလာသည့် သစ်နှင့် သစ်ထွက်ပစ္စည်းများကို ဥရောပ သမဂ္ဂက သတ်မှတ်ထားသည့် ဥပဒေများကို ရှောင်ရှားကာ ဥရောပ ဈေးကွက်သို့ တင်သွင်းရန် ကုမ္ပဏီများဘက်မှ အားထုတ်ကြသည့် လုပ်ရပ်များကို စုံစမ်းကာ အသေးစိတ်ဖော်ထုတ်ထားသည်။

မြန်မာ့သစ်တောများသည် မျှော်မှန်းမထားသည့်နှုန်းဖြင့် ဖျက်ဆီးခြင်း ခံနေရသည်။၂၀၀၁ မှ ၂၀၁၈ ခုနှစ် အတွင်း ဘယ်လ်ဂျီယမ်နိုင်ငံ အရွယ်ထက်ကြီးမား သည့် သစ်တောများ ပျက်ဆီး ဆုံးရှုံးခဲ့ရသည်။[1] ပြည်သူ ပြည်သားများ၏ အသက်မွေးဝမ်းကျောင်းမှုများကို အကြီးအကျယ် ထိခိုက်စေ သကဲ့သို့ သစ်တော ပြုန်းတီးခြင်းကြောင့် ရာသီဥတု ပြောင်းလဲမှု များကိုဖြစ်စေကာ၊ နိုင်ငံအတွင်းရှိ ကြွယ်ဝပေါ်များသော ဇီဝ မျိုးစိတ်များကိုလည်း လျော့နည်းပျက်ဆီး စေခဲ့သည်။

ကမ္ဘာ့အဖိုးအတန်ဆုံးသော ကျွန်းသစ်များကို မြန်မာ့ သစ်တောများတွင် တွေ့နိုင်သည်။ ဇိမ်ခံ ရွက်လှေကြီးများ၏ ကုန်းပတ်များတွင် အသုံးပြုရန်အတွက် ဝယ်လိုအား ရှိနေခြင်းကြောင့် နိုင်ငံတကာ ဈေးကွက်များသို့ မြန်မာ့ ကျွန်းသစ်များ တရားမဝင် ခိုးထုတ်မှုနှင့် မှောင်ခို လမ်းကြောင်းများ မှတဆင့် ရောင်းချခြင်းများကို ဖြစ်စေသည်။

မြန်မာနိုင်ငံသည် သစ်တောဆိုင်ရာ ပြစ်မှုကျူးလွန် ဖောက်ဖျက်မှုများကို ဖြေရှင်းရန်အတွက် နှစ်စဉ်သစ် ထုတ်လုပ်မှုကို လျှော့ချခဲ့ သည်။ သစ်အလုံးလိုက် ပြည်ပသို့ တင်ပို့ခြင်းကိုလည်း အစပြု တားမြစ်ခဲ့ပြီး တရုတ်နိုင်ငံနှင့် ပူးပေါင်းကာ တရုတ်- မြန်မာ ကုန်းတွင်းပိုင်း နယ်စပ်မှ တဆင့် တရားမဝင် သစ်ထုတ်ခြင်းများကို တိုက်ဖျက်ရန် အားထုတ်ခဲ့သည်။

တရားမဝင်နည်းဖြင့် ထုတ်လုပ်ထားသည့်သစ်များ ဥရောပဈေးကွက်သို့ မဝင်ရောက်စေရေးအတွက် ဥရောပသမဂ္ဂ သည် ဥရောပသမဂ္ဂ သစ်လုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်/ဥပဒေ (EU Timber Regulation-EUTR) ကို ၂၀၁၃ တွင် အတည်ပြု ကျင့်သုံးခဲ့သည်။ ဥရောပဈေးကွက်သို့ တရားမဝင် သစ်များ ဝင်ရောက်လာခြင်းမှ တားဆီးရန် ရည်ရွယ်လျက် EUTR ကို ချမှတ် ကျင့်သုံးခဲ့ခြင်း ဖြစ်သည်။ အဖွဲ့ဝင် နိုင်ငံအသီးသီးတွင် လုပ်ပိုင်ခွင့် အာဏာ အပ်နှင်းခံထားရသည့် 'အခွင့်အာဏာရှိသူများ’ က

[1] https://www.globalforestwatch.org/dashboards

စစ်ဆေးခြင်းများကို ပြုလုပ်သည်။ သတ်မှတ်ချက်များကို ချိုးဖောက်ပါက အပြစ်ပေးရန်လည်း တာဝန်ရှိသည်။

EUTR ၏ အရေးကြီးသည့် သတ်မှတ်ချက်တခုမှာ သစ်တင်သွင်းသူများ (timber operators) (ဥပမာ- ဥရောပ ဈေးကွက်သို့ သစ်တင်သွင်းသူများ) သည် ၎င်းတို့ ဝယ်ယူသည့်သစ်များ တရားဝင် အရင်းအမြစ်မှ တရားဝင် နည်းလမ်းဖြင့် ထုတ်လုပ်ခဲ့ခြင်း ဟုတ်မဟုတ်ကို စိစစ်ရမည်ဟူသော သတ်မှတ်ချက်ဖြစ်သည်။ ကောင်းစွာ စိစစ်ခြင်း မရှိဘဲ ဈေးကွက်ထဲသို့ တင်သွင်းလာပါက EUTR ကို ဖောက်ဖျက်ခြင်းဖြစ်သည်။ ဥရောပသမဂ္ဂမှ ဥပဒေအသက်သွင်းရသည့် အစုအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံမှ သစ်များသည် EUTR သတ်မှတ်ချက်ကို ရာနှုန်းပြည့် မီရန်မှာ ဖြစ်နိုင်ချေမရှိဟု ဘုံသဘောထားရှိကြသည်။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ တွင် ဥရောပ ကော်မရှင်၏ သစ်တော ဥပဒေ စိုးမိုးမှု၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှု လုပ်ငန်းစဉ် Forest Law Enforcement, Governance and Trade (FLEGT) နှင့် EUTR ကျွမ်းကျင်သူ အဖွဲ့တို့က၊ "မြန်မာနိုင်ငံ မှ သစ်များ တရားမဝင်ထုတ်ယူမှုမှာ လျစ်လျူရှုထားနိုင်သည့် ပမာဏသို့ ရောက်ရန် မဖြစ်နိုင်သလောက် အခြေအနေတွင်ရှိသည်" ဟု ထုတ်ပြန်ခဲ့သည်။[2] ၎င်းထုတ်ပြန်ချက်သည် ဥရောပတွင် မြန်မာနိုင်ငံမှ ကျွန်းသစ်အပေါ်ထားသည့် 'ဘုံသဘောထား' ဖြစ်လာခဲ့သည်။[3]

သို့သော်လည်း သစ်တောဆိုင်ရာ ပြစ်မှုများ၊ အန္တရာယ်ကြီးမားသော တရားမဝင်သစ်များကို ကုန်သွယ်ရာ၌ ဥရောပရှိ အချို့သော ကုမ္ပဏီများက လျော့ပါးစေခဲ့သည်။[4]

သတင်းအချက်အလက် လွတ်လပ်စွာရယူပိုင်ခွင့် (Freedom of Information) နှင့်အညီ ခရိုအေးရှားနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန[5]ထံမှ EIA က တောင်းဆိုမှုများ ပြုလုပ်ကာ ရရှိခဲ့သည့် စာရွက်စာတမ်းများအရ ဥရောပရှိ ကုမ္ပဏီ တစ်စုသည် မြန်မာနိုင်ငံမှ သစ်များကို EUTR သတ်မှတ်ချက်များအား ရှောင်ရှားလျက် တင်သွင်း နိုင်ရန် အတွက် ခရိုအေးရှားပိုင် ကုမ္ပဏီတစ်ခုကို အခကြေးငွေပေးကာ အသုံးချနေကြောင်း EIA အဖွဲ့မှ ဖော်ထုတ် တွေ့ရှိခဲ့သည်။ EIA မှ ရရှိထားသည့် အချက်အလက်များအရ ယခင်က သတိပေးချက်များရှိခဲ့သော်လည်း လျစ်လျူရှုလျက် ဆောင်ရွက် နေကြသည့် ကုမ္ပဏီအများအပြား ရှိကြောင်း သိရသည်။ တစ်နည်းအားဖြင့် ဖော်ပြရလျှင် ဥပဒေ နှင့် မညီသည်ကို သိလျက်နှင့် ဆောင်ရွက် နေကြခြင်း ဖြစ်သည်။

ယခုစာတမ်းငယ်တွင်ဖော်ပြထားသည့် ကုမ္ပဏီများသို့ EIA မှ ဆက်သွယ်မှုများပြုလုပ်ပြီး ပြန်လည်ဖြေရှင်းခွင့်ပေးခဲ့သည်။ ၎င်းတို့ဖြေရှင်းချက်များကို အောက်တွင် အတိုချုပ်ဖော်ပြထားပါသည်။

---

2 https://ec.europa.eu/transparency/regexpert/index.cfm?do=groupDetail.groupDetail&groupID=3282

3 https://www.forest-trends.org/wp-content/uploads/2020/03/How-is-EU-enforcing-common-position.pdf

4 မြန်မာနိုင်ငံမှ ကုမ္ပဏီအချို့နှင့် ပူးပေါင်းလျက်

5 စိုက်ပျိုးရေးဝန်ကြီးဌာနသည် ခရိုအေးရှားနိုင်ငံတွင် EUTR ၏ သက်ဆိုင်ရာ အာဏာပိုင်အဖြစ် သတ်မှတ်ခံထားရသည့် ဝန်ကြီးဌာနဖြစ်သည်။

## EIA အဖွဲ့က ရရှိထားသည့် သတင်း အချက်အလက်များ

၂၀၂၀ ခုနှစ်၊ မတ်လ အကုန်ပိုင်းတွင် ခရိုအေးရှား စိုက်ပျိုးရေးဝန်ကြီးဌာနမှ EIA အဖွဲ့က မြန်မာနိုင်ငံဘက်မှ တင်သွင်းသည့် သစ်သင်္ဘော ၁၀ စီးနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများ စာမျက်နှာ ၁၀၀၀ ကျော်ကို လက်ခံ ရရှိခဲ့သည်။ ၎င်းစာရွက်စာတမ်းများအရ ခရိုအေးရှားကုမ္ပဏီကို အသုံးပြုပြီး ဥရောပ တစ်ခွင်မှ ကုမ္ပဏီများအား EUTR ကိုရှောင်ရှားပြီး အရောင်းအဝယ်ပြုလုပ်ရန် လှို့ဝှက်ကြံစည်ထားမှုကို ဖော်ပြထားသည်။ ၎င်းတို့သည် ကျွန်းသစ်များကို တိုက်ရိုက် ရောင်းဝယ်ခြင်းအား ရပ်တံ့ထားသည့် နိုင်ငံများ သို့တင်ပို့ရန် စီစဉ်ထားကြောင်းတွေ့ ရှိခဲ့သည်။

ခရိုအေးရှား ကုမ္ပဏီဖြစ်သည့် Viator Pula သည် EUTR ကို ရှောင်ရှားသည့် ဖြစ်စဉ်တွင် ဆုံချက်အဖြစ် ပါဝင်လျက် ကြံစည်နေသည်ကို စာရွက် စာတမ်းများအရ တွေ့ရှိရသည်။ ထိရောက်မှုအရကြည့်လျှင်၊ ဥရောပတစ်ခွင်မှ ကုမ္ပဏီများသည် Viator ကို မြန်မာ့ကျွန်းသစ်များအား ဆက်လက်ကုန်သွယ်နိုင်ရေး ဥပဒေ ချိုးဖောက်ဖို့ အခကြေးငွေများ ပေးထားသည်ကို တွေ့ ရှိရသည်။

EIA က ရရှိထားသည့် စာရွက်စာတမ်းများအရ သစ်ထွက်ပစ္စည်းများ တင်ဆောင်သည့် သင်္ဘော ၁၀ စီးသည် Rijeka သို့ ၂၀၁၇ ခုနှစ် မှ စတင် ရောက်ရှိထားကြောင်း တွေ့ရသည်။ မကြာသေးမီက ၂၀၁၉ ခုနှစ်တွင် ကမ်းဆိုက်ခဲ့သည်။ တင်သွင်းခဲ့သည့် မြန်မာ့ကျွန်းသစ် တန်ချိန် စုစုပေါင်း ၁၄၄ တန်ရှိသည်။ သစ်များနှင့် အတူဖော်ပြထားသည့် ပြေစာများအရ သစ်တန်ဖိုး စုစုပေါင်းသည် ဒေါ်လာ ၁ သန်း နီးပါး ရှိသည်။ ဇိမ်ခံရွက်လှေ တည်ဆောက်သည့် လုပ်ငန်း များသို့ ရောင်းချမည်ဆိုပါက အဆမတန် တန်ဖိုး မြင့်တက် သွားမည်ဖြစ်သည်။ သင်္ဘောအားလုံး အကောက်ခွန် နှင့်ဆိုင်သည့် ရှင်းလင်း ကြေညာမှုကို ခရိုအေးရှားနိုင်ငံ Rijeka ဆိပ်ကမ်းတွင် ပြုလုပ်ခဲ့သည်။

Viator Pula ၏ တစ်ဦးတည်းသော ညွှန်ကြားရေးမှူး/ဒါရိုက်တာနှင့် တစ်ဦးတည်းသော ရှယ်ယာရှင်မှာ Igor Popovič ဖြစ် သည်။ ၎င်းနှင့် ၎င်း၏ ကုမ္ပဏီသည် သိုသိုသိပ်သိပ် ဆောင်ရွက်သည်။ EIA မှ Mr Popovič ကို ဆက်သွယ်မှုများ ပြုလုပ်ခဲ့ရာ စလိုဗေးနီးယားတွင် ပစ္စည်းဂိုဒေါင်ရှိပြီး သစ်တင်သွင်းမှု ပြုလုပ်ခဲ့သည်မှာ ၁၂ နှစ်ပင် ကြာခဲ့ပြီ ဖြစ်ကြောင်း ပြောပြခဲ့သည်။ "EUTR သတ်မှတ်ချက်တွေကြောင့် ခရိုအေးရှား လမ်းကြောင်းကနေ တဆင့် တင်သွင်းတာဟာ အခွင့်ကောင်း တစ်ခုဘဲ" ဟူ၍လည်း ပြောဆို ခဲ့သည်။

EUTR သည် ဥရောပ တစ်ခွင်လုံးတွင် သက်ရောက်မှုရှိသော ဥပဒေ/စည်းမျဉ်း ဖြစ်သောကြောင့် ခရိုအေးရှားသည်လည်း အခြား ဥရောပ သမဂ္ဂအဖွဲ့ဝင် နိုင်ငံများနည်းတူ လိုက်နာ ရမည်ဖြစ်သည်။ ၎င်းနိုင်ငံမှ တဆင့် တင်သွင်းခွင့်မျိုး မရှိသင့်ပါ။ Mr Popovič ၏ အဆိုအရ မိမိ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နေရခြင်းမှာ ခရိုအေးရှား အာဏာပိုင်များသည် EUTR ကို တင်းတင်း ကျပ်ကျပ် ဆောင်ရွက်မှု ရှိမည် မဟုတ် ဟူသော သဘော ဖော်ဆောင်နေပေသည်။

၂၀၁၇ ခုနှစ်တွင် ဆိုက်ကပ်ခဲ့သည့် သင်္ဘောတစ်စီးသည် နောက်ဆုံးမည်သည့် ဆိပ်ကမ်းတွင် ဆိုက်ကပ်ခဲ့ကြောင်း ဖော်ပြထားခြင်း မရှိပါ။ အခြား ကိုးစီးသည် ဥရောပနိုင်ငံများရှိ ကုမ္ပဏီများသို့

ဆိုက်ကပ်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ အောက်ဖော်ပြပါ ကုမ္ပဏီများသည် သစ်များကို လက်ခံဝယ်ယူသည့် ကုမ္ပဏီများ ဖြစ်ကြောင်းဖော်ပြထားသည်၊-

- ABC Net (စလိုဗေးနီးယား)
- Crown Holdings (ဘယ်လ်ဂျီယန်)
- HF Italy (အီတလီ)
- Houthandel Boogaerdt (နယ်သာလန်)
- Vandecasteele Houtimport (ဘယ်လ်ဂျီယန်)
- WOB Timber (ဂျာမဏီ)

ဖော်ပြပါကုမ္ပဏီများမှ ငါးခုဖြစ်သည့် ABC Net၊ Crown Holdings၊ Houthandel Boogaerdt၊ Vandecasteele Houtimport နှင့် WOB Timber တို့သည် မြန်မာကျွန်းသစ်များကို ကုန်သွယ်ခြင်းကြောင့် ထိရောက်စွာ နိမ်နင်း လျက်ရှိသော နိုင်ငံများတွင် အခြေချကြသည်။ ၎င်းတို့အနက်မှ ကုမ္ပဏီ ၃ ခုဖြစ်သည့် (Crown၊ Boogaerdt၊ Vandecasteele) တို့ကို EIA အနေဖြင့် EUTR ကို ချိုးဖောက်လျက် မြန်မာ့ ကျွန်းသစ်များအား အရောင်းအဝယ် ပြုလုပ်လျက်ရှိသည်ကို သိရှိထားပြီးဖြစ်သည်။

၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ တွင် ခရိုအေးရှား စိုက်ပျိုးရေးဝန်ကြီးဌာနသည် Viator Pula ၏ သင်္ဘော လေးစီးအား ဆိုက်ကပ်ခွင့်နှင့်ဆိုင်သည့် စိစစ်ဆောင်ရွက်ထားမှုများကို စစ်ဆေးခဲ့သည်။ ထိုသို့ စစ်ဆေးရာတွင် Vandecasteele နှင့် Boogaerdt သို့ ဆိုက်ကပ်မည်ဟု ဖော်ပြထားသည့် သစ်တင် သင်္ဘော များလည်း ပါဝင်သည်။ ကုမ္ပဏီဘက်မှ စိစစ် ထားမှုမှာ သတ်မှတ်ထားသည့်အတိုင်း လိုက်နာမှု မရှိသည်ကို ဝန်ကြီးဌာနက စစ်ဆေးတွေ့ရှိခဲ့ပြီး EUTR ကို ချိုးဖောက်သကဲ့သို့ဖြစ်နေသည်။ စိစစ်မှုကို ယခုထက်ပို၍ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ဥပဒေ အတိုင်း လိုက်နာဆောင်ရွက်ရန် Viator ကုမ္ပဏီသို့ အမိန့်ထုတ် ညွှန်ကြားခဲ့သည်။ လိုက်နာ ဆောင်ရွက်ခြင်း မရှိပါက ယခင်ကထက်ပိုသော ပြစ်ဒဏ်များ ချမှတ် ဆောင်ရွက်သွားနိုင်ဖွယ်ရှိသည်။

သင်္ဘော ၁၀ စီး၏ ကြိုတင်လေ့လာစုံစမ်းမှု (သို့) တာဝန်ခံနိုင်သည့် မှတ်တမ်းများ (သို့) စိစစ်ဆောင်ရွက်မှုဆိုင်ရာ စာရွက်စာတမ်းများ (due diligence documentation) ကို သုံးသပ်မှုများ ပြုလုပ်ခဲ့ရာ ဖြစ်စဉ်အားလုံးတွင် EUTR သတ်မှတ်ချက်နှင့် ညီညွတ်သောစာရွက် စာတမ်းများ ပြည့်စုံခြင်း မရှိသည်ကို တွေ့ရှိခဲ့သည်။ ဖော်ပြပါအချက်နှင့် ယခင်က ဘုံသဘောထားကို ပေါင်းဆပ်လိုက်လျှင် မြန်မာ့ကျွန်းသစ်များသည် EUTR သတ်မှတ်ချက်များကို ပြည့်မီရန် မဖြစ်နိုင်သည်ကို ကြည့်ခြင်းအားဖြင့် သင်္ဘော ဆယ်စီးလုံးသည် ဥပဒေကို ချိုးဖောက်လျက် ဈေးကွက် အတွင်းသို့ တင်သွင်းမှုများ ပြုလုပ်နေသည်မှာ အထင်အရှားပင်ဖြစ်သည်။

တရားမဝင်ဖြစ်ကြောင်း သိလျက်နှင့်ပင် အရောင်းအဝယ်ပြုလုပ်ခြင်းသည် ဥရောပတို့၏ ဥပဒေကို သေးသိမ် စေရန် ကြိုးပမ်း ဆောင်ရွက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှ ပြည်သူ နှင့် သဘာဝ ပတ်ဝန်းကျင်အပေါ်တွင် စာနာမှု မရှိသည့် သဘောလည်း သက်ရောက်သကဲ့သို့ သစ်ထုတ်လုပ်မှု ကဏ္ဍကို ပြုပြင်ပြောင်းလဲရန် အားထုတ် ဆောင်ရွက်နေမှုများကို လည်း အနှောက်အယှက်ဖြစ်စေသည်။


## ယခင်က အရေးယူမှုများနှင့် ရှောင်တိမ်းခြင်းကို ဖော်ပြသည့် ပြောင်းလဲလာသော EUTR ကုန်သွယ်မှု လမ်းကြောင်းများ

ဖော်ပြပါ အကြောင်းအရာသည် ကုမ္ပဏီများက EUTR သတ်မှတ်ချက်များကို ရှောင်ကွင်းလျက် မြန်မာနိုင်ငံမှ ကျွန်းသစ်များ ဥရောပသမဂ္ဂ (အီးယူ) သို့ ပို့ရန် လုပ်ကိုင်နေသည့် ကုန်သွယ်မှု ပြောင်းလဲလာသည့် ပုံစံ ဖြစ်သည်။

ကျွန်းသစ် တင်သွင်းသူများနှင့် ပတ်သက်သည့် ဘုံသဘောထားအမြင်များ၊ ဥပဒေ ချမှတ်ဆောင်ရွက်မှုများသည် မြန်မာနိုင်ငံမှ ကျွန်းသစ်များ ဥရောပသို့ ကုန်သွယ်မှုတွင် အပြောင်းအလဲများ ဖြစ်စေခဲ့သည်။ အရောင်း အဝယ်အချက်အလက်များကို သုံးသပ်ချက်များအရ ၂၀၁၉ မှစပြီး မြန်မာနိုင်ငံမှ သစ်များကို ဘယ်လ်ဂျီယန်၊ ဂျာမနီ နှင့် နယ်သာလန် နိုင်ငံများသို့ တိုက်ရိုက်တင်ပို့ရောင်းချမှု ယခင်ကထက် ထင်ရှားစွာ လျော့နည်း သည်ကို တွေ့ရသည်။[6] သို့သော်လည်း အခြား အီးယူ အဖွဲ့ဝင်နိုင်ငံများတွင် မြန်မာသစ်တင်သွင်းမှုများ အကြီးအကျယ် မြင့်တက်လာခဲ့သည်။ အထူးသဖြင့် ခရိုအေးရှား၊ ဂရိ နှင့် အီတလီတွင်ဖြစ်သည်။ (ကားချပ်ကို ကြည့်ပါ)

**Imports of Myanmar teak to seven EU countries (kg)**

**အီးယူ အဖွဲ့ဝင်နိုင်ငံ ၇ နိုင်ငံသို့ မြန်မာ့ကျွန်းသစ် တင်သွင်းမှု (ကီလိုဂရမ်)**




[6] Eurostat Comex မှ ရရှိသည့် အချက်အလက်

မြန်မာ့သစ်များ ခရိုအေးရှားနိုင်ငံ သို့အလုံးအရင်းနှင့် ဝင်ရောက်လာခြင်းသည် ဂျာမဏီနှင့် ဘယ်လ်ဂျီယန် နိုင်ငံများတွင် သတိပေး ကြေညာချက်ထုတ်ပြန်သည့် ဖြစ်စဉ်နှင့် တိုက်ဆိုင်နေသည်။ အစောပိုင်းတွင် တင်သွင်းမှု မြင့်တက်လာမှု အနည်းငယ်ရှိသည်။ သို့သော်လည်း ၂၀၁၈ ခုနှစ် ပထမ နှစ်ဝက်အထိ ခရိုအေးရှားသို့တင်သွင်းမှုမှာ အလုံးအရင်း နှင့် မဟုတ်ပါ။ မတ်လနှင့် ဧပြီလတွင် တင်ပို့မှုလုံးဝမရှိသည်ကိုတွေ့ရသည်။ ဂျာမဏီ နှင့် ဘယ်လ်ဂျီယန်တွင် သတိပေး ထုတ်ပြန်မှုများ ပြုလုပ်ပြီးနောက် တစ်လအကြာ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ တွင် ၆၅.၂ တန် တင်သွင်းခဲ့သည်။ ၂၀၁၇ ခုနှစ် တစ်နှစ်လုံးစာထက်များသည့် ပမာဏဖြစ်ပြီး ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ တွင် တင်သွင်းခဲ့ သည့် ပမာဏ၏ ၃ ဆဖြစ်သည်။[7] ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ခရိုအေးရှားသို့ သစ် တန်ချိန် ၁၂၃.၁ တင်ပို့ခဲ့ပြီး နောက်ပိုင်းတွင်လည်း အလုံးအရင်းနှင့် ဆက်လက်တင်ပို့ခဲ့သည်။

အရောင်းအဝယ် ပြုလုပ်သည့် အချိန်အခါ နှင့် ပမာဏ အပြောင်းအလဲကြောင့် EIA သည် ဥရောပ ကျွန်းသစ် ကုန်သည်များကို သံသယဝင်ခဲ့သည်။ တရားနည်းလမ်းတကျ ထုတ်ယူသည်ဟု အခိုင်အမာ ပြောဆိုနိုင်ခြင်း မရှိသည့် ကုန်စည်များကို ကုန်သွယ်မှုရပ်တန့်ခြင်း သို့မဟုတ် စိစစ်သည့် နည်းလမ်းများကို တိုးတက် အောင် ဆောင်ရွက်ခြင်း မရှိဘဲ EUTR သတ်မှတ်ချက်၏ အားနည်းချက်များကို အမြတ်ထုတ်ကာ မြန်မာနိုင်ငံမှ ကျွန်းသစ်များရောင်းဝယ်ခြင်းဖြင့် အမြတ်အစွန်း အများအပြား ဖန်တီးနေကြသည် ဟူသော သံသယများ ဖြစ်စေခဲ့ သည်။

အားနည်းချက်/ဟာကွက်ကို အခွင့်ကောင်းယူသည့် ပုံစံ ၂ မျိုးရှိသည်။ ပထမ တစ်မျိုးမှာ၊ EUTR စည်းမျဉ်း၏ အားနည်းချက် ဖြစ်သည်။ သစ်တင်သွင်းသူက (operator) (ဥရောပ ဈေးကွက်သို့ ဦးစွာ သစ်တင်သွင်းသည့် ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ) သာလျှင် သစ်ထုတ်လုပ်မှု လုပ်ငန်းစဉ်တွင် တရားမဝင် ဆောင်ရွက်ခဲ့မှု ရှိမရှိ စိစစ်ရ သည့် လုပ်ငန်းစဉ်ကို ဆောင်ရွက်ပေးရန်လိုသည်။ သစ်တင်သွင်းသူက နောက်တစ်ဦးသို့ လက်လွှဲရောင်း ချလိုက်သည့်အခါတွင် ဝယ်လက်အနေဖြင့် ၎င်းသစ်ကို မည်သူ့ထံမှ ရရှိကြောင်းကိုသာ ထုတ်ပြောရန် လိုသည်။ မိမိတို့ကိုယ်တိုင် တာဝန်ခံနိုင်သည့် မှတ်တမ်းများ (သို့) စိစစ်သည့်လုပ်ငန်းစဉ် (due diligence) လုပ်ရန် မလိုအပ်ပါ။ ထို့ကြောင့် ဂျာမဏီမှ ကုမ္ပဏီတစ်ခုသည် ခရိုအေးရှားမှ ကုမ္ပဏီကို သစ်တင်သွင်းရန် အခကြေးငွေပေး ဆောင်ရွက်စေသည် ဆိုပါက ဂျာမဏီ ကုမ္ပဏီ အနေဖြင့် စိစစ်သည့်လုပ်ငန်းကို ရှောင်ရှားနိုင်သည်။

ဒုတိယပုံစံမှာ၊ EUTR စည်းမျဉ်းများ ကျင့်သုံးမှု အားနည်းသည့် ဥရောပနိုင်ငံကို ရှာဖွေကာ အမြတ်ထုတ်ခြင်း ဖြစ်သည်။ သစ်တင်သွင်းသူသည် စိစစ်မှုလုပ်ငန်းကို အပြည့်အဝ ဆောင်ရွက်ခြင်း မပြုလုပ်ပဲ သစ်များကို ဥရောပ သို့တင်သွင်းမှုကို ပြုလုပ်နိုင်ရန်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် စည်းကမ်း တင်းကျပ်မှု လျော့နည်း သည့် နိုင်ငံမှ ကုမ္ပဏီတစ်ခုသည် သစ်များကို ဥရောပသို့ တင်သွင်းလာကာ၊ အခြား ဥရောပ နိုင်ငံ သို့ရောင်းချသည့် အခါတွင် ဝယ်လက်အနေဖြင့် တရားဝင်အရင်းအမြစ်မှ ထုတ်ယူလာသည့် သစ် ဟုတ် မဟုတ် ကို ကြောင့်ကြရန် မလိုဘဲ စိတ်ချလက်ချ ဝယ်ယူနိုင်သည်။ ထို့ကြောင့် အချို့သော

---

[7] ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီမှ ဇူလိုင်လအတွင်း ခရိုအေးရှားသို့ တင်ပို့ခဲ့သည့် သစ်တန်ချိန် စုစုပေါင်း ၁၁၅.၉ ရှိသည်။ ၂၀၁၃ (EUTR အသက်ဝင်သည့်နှစ်) နောက်ပိုင်း အများဆုံး ပမာဏဖြစ်သည်။ သို့ သော်လည်း ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ တစ်လတည်း တင်သွင်းမှု ပမာဏထက် လျော့နည်းသည်။

ENVIRONMENTAL INVESTIGATION AGENCY

ကုမ္ပဏီများသည် ခရိုအေးရှားကို EUTR အကောင်အထည်ဖော်မှု လျော့ရဲသည့် နိုင်ငံအဖြစ် ယူဆ သတ်မှတ်ကာ တရားမဝင် လုပ်ငန်းများ အကောင်အထည်ဖော်မည့် နေရာအဖြစ် သတ်မှတ်လာကြသည်။ သို့သော်လည်း ထင်မြင် ယူဆချက် နှင့် ကွဲနေသည်ကို လက်တွေ့ မြင်ခဲ့ကြရသည်။

၂၀၁၈၊ ၂၀၁၉ ခုနှစ်များ တွင် အရေးယူခဲ့သည့် ဖြစ်စဉ် ၂ ခု အရ၊ ကုမ္ပဏီများသည် EUTR ကျင့်သုံးမှု အားနည်းချက် ကို အသုံးပြုရန် အားထုတ်မှုများ ရှိခဲ့သည်ကို တွေ့ရသည်။ ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် သစ်တင် သင်္ဘောများ သည်  အီတလီနိုင်ငံ Trieste ဆိပ်ကမ်းမှ တဆင့် ဘယ်လ်ဂျီယန် နှင့် ဂျာမဏီသို့ ဆက်လက် ရောက်သွားခဲ့သည်ကို EIA ကသိရှိခဲ့သည်။ ဤဖြစ်စဉ်က အီတလီ စစ်ရဲ (Carabinieri) များက သစ်တင် သင်္ဘောများကို ဖမ်းဆီးခဲ့ပြီး ရုံးတင် တရားစွဲဆို မှုပြုလုပ် ခဲ့သည်။[8] ၂၀၁၉  ခုနှစ် နှစ်ကုန်ပိုင်းတွင် ချက်နိုင်ငံမှ တဆင့် နယ်သာလန်သို့ ရောက်လာသည့် ကျွန်းသစ်များကို နယ်သာလန်နိုင်ငံ၏ အာဏာပိုင်များက စုံစမ်း စစ်ဆေးမှု ပြုလုပ်ခဲ့ရာ သစ်တန် အမြောက်အများ ဖမ်းဆီး ရမိခဲ့သည်။[9] ခရိုအေးရှားသို့ သစ်တင်ပို့မှု များနေသည့်တိုင်အောင် ယခုနှစ်အထိ EUTR ကို ရှောင်ရှားသည့် ဖြစ်ရပ်များ ရှိနေကြောင်းကို EIA အဖွဲ့က သတိပြုမိခြင်း မရှိခဲ့ပါ။

[8] https://www.fordaq.com/news/Myanmar_teak_illegal_logging_61650.html

[9] https://www.politie.nl/en/news/2019/december/3/03-investigation-into-tainted-timber.html

## EIA အဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ

EUTR အသက်ဝင်လာသည့် ၂၀၁၃ ခုနှစ်မှ စတင်ကာ၊ မြန်မာနိုင်ငံအတွင်း ပြုပြင်ပြောင်းလဲမှုကို ဥပဒေပါအတိုင်း အသုံးပြုရေး ပံ့ပိုးပေးလျက် တိုက်တွန်းနှိုးဆော်ရန် EIA အဖွဲ့သည် မိမိတို့၏ စုံစမ်းစစ်ဆေးမှုများကို အသုံးပြုနေခဲ့သည်။

၂၀၁၃ ခုနှစ်တွင် ဥရောပတိုက်ရှိ သစ်နှင့် ဆိုင်သော စက်မှုလုပ်ငန်းရှင်များသို့ EIA က မြန်မာနိုင်ငံမှ သစ်များသည် EUTR[10] စည်းမျဉ်းများနှင့် ကိုက်ညီမှုရှိလိမ့်မည် မဟုတ်ကြောင်းကို သတိပေးစာ တစ်စောင် ထုတ်ပြန် ခဲ့သည်။ ၎င်း နောက် ၂၀၁၆၊ ၂၀၁၇ နှင့် ၂၀၁၉ ခုနှစ်များ တွင် ဥရောပမှ ကုမ္ပဏီများ၏ စည်းမျဉ်း ချိုးဖောက်မှုများကို အသေးစိတ် ဖော်ထုတ်ခဲ့သည်။

မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် တရားမဝင်သစ်ထုတ်မှုနှင့် ပတ်သက်၍ အစီရင်ခံစာကြီး ၂ ခုကို ထုတ်ပြန် ခဲ့သည်။ ၂၀၁၅ ခုနှစ် တွင်၊ *Organised Chaos* နှင့် ၂၀၁၉ ခုနှစ်တွင်၊ *State of Corruption* ကိုထုတ်ဝေ ခဲ့သည်။ ဥရောပသို့တရားမဝင်တင်သွင်းသည့် သစ်များအကြောင်း၊ EUTR ဆောင်ရွက်မှုများ နှင့် အမေရိကန်နှင့် ကုန်သွယ်မှု အကြောင်းတို့ကိုလည်း စာတမ်းငယ်များ အဖြစ်ထုတ်ဝေခဲ့သည်။ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၈ တွင် *A Tale of Two Laws* တို့ ကို ထုတ်ဝေခဲ့သည်။

EIA အဖွဲ့၏ တာဝန်သိဆောင်ရွက်မှုများမှ ရလဒ်များကို တွေ့ရှိခဲ့ရသည်။ ချိုးဖောက်သည်ဟု ယူဆရသည့် ကုမ္ပဏီများနှင့် ပတ်သက်ပြီး အလေးအနက်ထားဆောင်ရွက်မှု ၉ ခုကိုတွေ့ ရှိခဲ့ရသည်။ ဘယ်လ်ဂျီယန်၊ ဒိန်းမတ်၊ ဂျာမဏီ နှင့် ဆွီဒင်တို့သည် ကျွန်းသစ်တင်သွင်းသူများ အနေဖြင့် EUTR စည်းမျဉ်းများကို လိုက်နာရန် သတိပေးစာများ အသီးသီး ထုတ်ပြန်ခဲ့ကြသည်။ နယ်သာလန်နိုင်ငံသည်လည်း တစ်သီးပုဂ္ဂလ သစ်တင်သွင်းသူများအပေါ် တားမြစ်မှုများ ချမှတ်ခဲ့သည်။ နယ်သာလန်၊ ဂျာမဏီ၊ အီတလီ အာဏာပိုင်များသည် သစ် သင်္ဘောများကို သိမ်းယူ ဖမ်းဆီးမှု သို့မဟုတ် ကန့်သတ်မှုများ ပြုလုပ်ခဲ့ကြသည်။ ၂၀၁၉ ခုနှစ်တွင် ထုတ်သည့် EIA အစီရင်ခံစာ *State of Corruption* ကို FLEGT နှင့် EUTR ကျွမ်းကျင်ပညာရှင်များ အဖွဲ့ ထံသို့ ၎င်းနှစ် ဧပြီလတွင် ပေးပို့ ခဲ့သည်။ မြန်မာနိုင်ငံကျွန်းသစ်များ အီးယူ စျေးကွက်သို့ တင်သွင်းလာခြင်း မရှိအောင် ဖော်ပြပါ ပညာရှင် အဖွဲ့ က အရှိန်မြှင့် ဆောင်ရွက်ခဲ့သည်။ မြန်မာ့သစ်များ ရောင်းဝယ်မှုမှာ နိုင်ငံအတော်များများတွင် သိသိသာသာ ကျဆင်းသွားခဲ့သည်။ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံတွင်လည်း ကြီးမားသော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လျက် ရှိနေပေသည်။

သို့သော်လည်း၊ ကုမ္ပဏီများအား မြန်မာနိုင်ငံမှ ကျွန်းသစ်များနှင့် ပတ်သက်သည်များကို ပြောပြရုံနှင့် ပြီးမြောက်မည် မဟုတ်ပါ။ ဆက်လက်ရောင်းဝယ် ဖောက်ကားခြင်း မပြုလုပ်နိုင်ရန် ဟန့်တားမှုများ ပြုလုပ်ရမည်ဖြစ်သည်။ EUTR စည်းမျဉ်းများကို ဖောက်ဖျက်သည့် ကုမ္ပဏီများအား ပြင်းထန်သော ငွေဒဏ် သို့မဟုတ် ပြစ်ဒဏ်များ ချမှတ်ထားခြင်း မရှိသေးချေ။ ရလဒ်အနေဖြင့် ဥပဒေဘောင်အတွင်း အခွင့် အခါသင့်သမျှ ကာလပတ်လုံး ဆက်လက် ဆောင်ရွက်နေကြမည်ဖြစ်သည်။

10 https://eia-international.org/news/eia-alert-timber-shipments-from-burma-to-the-eu/

## အဖန်တလဲလဲ ကျူးလွန်သူများ- ကုမ္ပဏီများက EUTR ကို မလိုက်နာနိုင်ဟုဆို

EIA အဖွဲ့၏ စုံစမ်းစစ်ဆေးမှု ရလဒ်အရ ပေါ်ပေါက်ခဲ့သည့် Crown Holdings၊ Vandecasteele Houtimport၊ WOB Timber နှင့် Houthandel Boogaerdt စသည့် ကုမ္ပဏီ ၄ ခု၏ မိခင်နိုင်ငံများတွင် မြန်မာနိုင်ငံမှ ကျွန်းသစ် တင်သွင်းမှု လျော့ကျ သွားသည်ကို တွေ့ရသည်။

Crown Holdings နှင့် Vandecasteele တို့သည် ဘယ်လ်ဂျီယန်တွင် အခြေစိုက်ပြီး ၂၀၁၇ ခုနှစ်တွင် EIA အဖွဲ့က အထောက်အထားခိုင်ခိုင်လုံလုံ တင်ပြခံထားရသည့် ကုမ္ပဏီများဖြစ်ကြသည်။ ၎င်းနှစ်တွင်ပင် ဘယ်လ်ဂျီယန်နိုင်ငံ၏ အခွင့်အာဏာရှိသူများ (competent authority- CA) က ကုမ္ပဏီ ၂ ခုလုံးကို စစ်ဆေးမှု ပြုလုပ်ခဲ့ပြီး EUTR မှ ချမှတ် ထားသည့် စိစစ်မှုဆိုင်ရာ သတ်မှတ်ချက်များ အတိုင်း လိုက်နာထားခြင်း မရှိသည်ကိုတွေ့ ရှိခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် ဘယ်လ်ဂျီယန်နိုင်ငံ၏ အခွင့်အာဏာရှိသူများက "မြန်မာနိုင်ငံမှ တင်သွင်းသည့် သစ်များသည် EUTR သတ်မှတ်ထားချက်များနှင့် ကိုက်ညီရန် လိုအပ်ဆဲဖြစ်သည်" ဟု သစ်လုပ်ငန်းရှင်များ ထံသို့ သတိပေးစာ တစ်စောင် ပေးပို့ခဲ့သည်။ ၎င်းသဘောထားကို လက်ရှိအချိန်ထိ ပြောင်းလဲခြင်း မပြုသေးပေ။[11]

EUTR ကို ချိုးဖောက်မှုများရှိသည်ဟု စုံစမ်းပေါ်ထွက်ခဲ့ပြီးနောက်ပိုင်းနှင့် ဘယ်လ်ဂျီယန် နိုင်ငံ အခွင့်အာဏာရှိသူများက သစ်လုပ်ငန်းတစ်ခုလုံးကို စာပို့သတိပေးပြီး နောက်ပိုင်းတွင်၊ Crown နှင့် Vandecasteele တို့သည် ၎င်းတို့၏သစ်များကို ခရိုအေးရှားမှ ရယူခဲ့သည်။ Viator က Crown Holdings လက်ဝယ်သို့ ရောင်းချခဲ့သည့် ကျွန်းသစ်များ သည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် အီးယူသို့ ဝင်ရောက်သည်ဟု ဖော်ပြထားသည်။ Vandecasteele ၏ ကျွန်းသစ်များကိုမူ ၂၀၁၉ ခုနှစ် ဧပြီလတွင် ဝင်ရောက်ခဲ့သည်ဟု ကြေညာထားသည်။ အထက်ဖော်ပြပါ ၂ လ အတွင်း ဘယ်လ်ဂျီယန် သို့ မြန်မာနိုင်ငံမှ သစ်ခွဲသားများ တိုက်ရိုက် ဝင်ရောက်ထားသည်ကို မတွေ့ ရပါ။

၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် ဂျာမဏီနိုင်ငံ၏ အခွင့်အာဏာရှိသူများဖြစ်သော စိုက်ပျိုးရေးနှင့် အစားအသောက် ရုံးချုပ်မှ နိုင်ငံအတွင်းရှိ သစ် တင်သွင်းသူများကို ဘယ်လ်ဂျီယန်နှင့် အလားတူ သတိပေးစာ ထုတ်ပြန်ခဲ့သည်။ ထိုစာတွင်၊ "လက်ရှိ အချိန်တွင်၊ မြန်မာနိုင်ငံမှ EUTR သတ်မှတ်ချက်များ အတိုင်း ထုတ်ယူထားသည့် သစ်များကို တင်သွင်းရန် မဖြစ်နိုင်ပါ" ဟု သတိပေးစာတွင် ဖော်ပြထားသည်။[12] ဂျာမဏီနိုင်ငံ WOB Timber အတွက် ဦးတည် တင်ပို့ လိုက်သည့် သစ်များသည် ခရိုအေးရှားသို့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ရောက်ရှိခဲ့သည်။

နယ်သာလန်နိုင်ငံအခြေစိုက် Houthandel Boogaerdt သည်လည်း EUTR ကို အဖန်ဖန် ချိုးဖောက်သည့် ကုမ္ပဏီဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံမှ ကျွန်းသစ်များနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှု အပြည့်အဝ ဆောင်ရွက်ထားသည်ဟု သက်သေပြနိုင်ခြင်း မရှိသောကြောင့် အုပ်ချုပ်ရေး အာဏာပိုင်များက

---

[11] https://www.health.belgium.be/fr/news/le-bois-importe-du-myanmar-ne-repond-toujours-pas-aux-exigences-eutr (translated from French).

[12] https://www.ble.de/SharedDocs/Pressemitteilungen/EN/2018/180724_Myanmar.html (translated from German).

Boogaerdt ၏ နယ်သာလန်နိုင်ငံသို့ ကျွန်းသစ် တင်သွင်းခွင့်ကို တစ်နှစ် ပိတ်ပင်ခဲ့သည်။ နယ်သာလန် တရားရုံးတွင် တရားပြိုင်ခဲ့သော်လည်း စိစစ်မှုများ အတိအကျ မလုပ်ခဲ့ကြောင်း၊ ၎င်းတို့ကို ချမှတ်သည့် ပြစ်ဒဏ်သည် ထိုက်တန်သည့် ပြစ်ဒဏ်ဖြစ်ကြောင်း ထင်ရှားသဖြင့် တရားရှုံးခဲ့သည်။[13] ဆုံးဖြတ်ချက် ချမှတ်ပြီးနောက်တွင် မြန်မာနိုင်ငံမှ ကျွန်းသစ်များ ဆက်လက် ကုန်သွယ်နေသဖြင့် နယ်သာလန် အစိုးရ ရှေ့နေက ကုမ္ပဏီကို စစ်ဆေးမှုပြုလုပ်ခဲ့သည်။[14]

စာရွက်စာတမ်းများအရ၊ Boogaerdt သည် Viator မှ တဆင့် သစ်သဘော် ၂ စီး ကို ရယူခဲ့သည်။ ယင်းတို့ကို ၂၀၁၉ ခုနှစ်၊ မတ်လ နှင့် ဧပြီလ တို့တွင် Rijeka ဆိပ်ကမ်း၌ ထုတ်ယူသည်ဟု ဖော်ပြထားသည်။ ၎င်း ဖြစ်စဉ်မှာ EUTR သတ်မှတ်ချက်များကို လိုက်နာမှုမရှိကြောင်း တွေ့ရှိရပြီးနောက်၊ နယ်သာလန် အာဏာပိုင်များက ဈေးကွက်သို့ သစ်တင်သွင်းခွင့် ပိတ်ပင်ကြောင်း အမိန့် ထုတ်ပြန်ပြီးနောက်ပိုင်းတွင် ပေါ်ပေါက်သည့် ဖြစ်ရပ် တစ်ခုဖြစ်သည်။ Boogaerdt အနေဖြင့် ၎င်းတို့သည် EUTR သတ်မှတ်ချက်များကို လိုက်နာဖြည့်ဆည်းရန် မဖြစ်နိုင်ကြောင်း သဘောပေါက်သွား ဟန်တူသည်။ EUTR သတ်မှတ်ချက်များ လိုက်နာနေကြောင်း အတည်ပြုမှု မရှိမခြင်း ကုန်သွယ်မှုလုပ်ငန်း ဆိုင်းငံ့ ထားမည့်အစား ရှုပ်ထွေးသည့် နည်းလမ်း အမျိုးမျိုး သုံးကာ သစ်များကို ရယူမည် ဟူသော သဘောထား ရှိဟန်တူသည်။

မြန်မာနိုင်ငံမှ သစ်များ တင်သွင်းရာတွင် စလိုဗေးနီးယား အခြေစိုက် ABC Net သည် ဘယ်လ်ဂျီယန်၊ ဂျာမဏီ၊ နယ်သာလန်နိုင်ငံတို့နှင့် မတူပဲ ကွဲထွက်နေသည်။ ၂၀၁၇ ခုနှစ် တွင် အကြီးအကျယ် တင်သွင်းပြီး ၂၀၁၈ ခုနှစ် တွင် အလျင်အမြန် ပြန်လျော့သွားသည်။ မြန်မာနိုင်ငံမှ တင်သွင်းသည့် သစ်အရေအတွက်မှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ချက်ချင်း ကျဆင်းသွားပြီး ၎င်း နောက်ပိုင်းတွင် တင်သွင်းမှု မရှိတော့ပါ။ EIA အဖွဲ့က စလိုဗေးနီးယားနိုင်ငံ၏ EUTR အတွက် တာဝန်ခံထားသည့် သစ်တောနှင့် အမဲလိုက် ညွှန်ကြားရေးမှူးရုံး (Forestry and Hunting Directorate) သို့ ဆက်သွယ်မေးမြန်းခဲ့ရာ ၂၀၁၈ ခုနှစ် မေလနှင့် အောက်တိုဘာလ အကြားတွင် ABC Net ကို စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး စိစစ်မှုပိုင်းတွင် အပြည့်အဝ ဆောင်ရွက်မှု မရှိသောကြောင့် ၂၀၁၉ ခုနှစ် ဧပြီလတွင် သတိပေးစာ ထုတ်ပြန်ခဲ့သည်။ ABC Net အတွက် Viator မှတဆင့် သွားမည့် သဘော်သည် ၂၀၁၈ ခုနှစ် ဩဂုတ်လ၊ ၂၀၁၉ ခုနှစ် ဧပြီလ တို့တွင် ခရိုအေးရှား အကောက်ခွန်မှ ဖြတ်သန်းသွားခဲ့သည်။ ABC သည် Viator လမ်းကြောင်းဖြင့် စလိုဗေးနီးယား အာဏာပိုင်များ၏ ဥပဒေစိုးမိုးမှုကို ရှောင်ရှားခဲ့သည့် သဘောသက်ရောက်သည်။

အမိန့်စာအရ၊ Viator သည် စိစစ်မှုလုပ်ငန်းစဉ်များအား လိုက်နာရန်အတွက် ၂၀၂၀ ခုနှစ် ဩဂုတ်လထိ အချိန်ရသည် ဟု သိရသည်။ EIA အဖွဲ့က ကြည့်ရှုခဲ့သည့် သဘော်တိုင်းကို စစ်ဆေးမှုပြုလုပ်ခဲ့သည်ဟု မဆိုနိုင်ပါ။ အစီရင်ခံစာတွင် စာရွက်စာတမ်း ၄ စုံသာပါဝင်သည်။ သို့သော်လည်း၊ Viator ၏ အမည်သည် မြန်မာ နှင့် ခရိုအေးရှား အကောက်ခွန် ဆိုင်ရာ အခြားသစ်သဘော်များ၏ စာရွက် စာတမ်းများတွင်လည်း ပါဝင်နေသည်ကို တွေ့ရှိရသည်။ ၎င်းသည် သဘော်နှင့် တင်သွင်းသည့် ကိစ္စအဝဝတွင် ပါဝင်နေသည့် သဘောဖြစ်သည်။ မည်သို့ ပင်ဆိုစေ၊ ၎င်းက အချို့သော သဘော်တင်သွင်းမှုလုပ်ငန်းတွင် ကုန်သွယ်သူ

[13] https://uitspraken.rechtspraak.nl/inziendocument?id=ECLI:NL:RBDHA:2020:473&showbutton=true&keyword=houtverordening

[14] https://www.boogaerdthout.nl/bericht/statement-onderzoek-teak/

အဖြစ် ဆောင်ရွက်ခြင်းမရှိသည့် တိုင်အောင်၊ အခြားသော ကုမ္ပဏီများမှ အခြားသူတစ်ဦးက သစ်ကုန်သွယ်သူ ဖြစ်ရပါမည် ထိုသို့ဆိုသော်လည်း EUTR သတ်မှတ်ချက်များနှင့် ငြိစွန်း နေဦးမည်/ တာဝန်ရှိသူ ဖြစ်သည်။

အမည်ပါဝင်သည့် ကုမ္ပဏီများ၏ စိစစ်မှုလုပ်ငန်းစဉ်များ ပြည့်စုံခြင်းမရှိဘဲ သင်္ဘော ဆိုက်ကပ် ခွင့်နှင့် ကုန်တင်သွင်းခွင့် မပေးသင့်ပါ။ Viator သည် သင်္ဘောတင်သွင်းမှု အားလုံးကို လက်ခံ အကောင်အထည် ဖော်သည့် ကုမ္ပဏီဖြစ်ပါက ခရိုအေးရှား အာဏာပိုင်များအနေဖြင့် ၎င်းတင်သွင်းသမျှ သင်္ဘောအားလုံးကို စစ်ဆေးပြီး အရေးယူဆောင်ရွက်မှုများ ပြုလုပ်သင့်သည်။ အခြားသော နိုင်ငံများမှ ကုမ္ပဏီများကလည်း လုပ်ငန်း အကောင်အထည်ဖော်သည့် သစ်တင်သွင်းသူ (operator) အဖြစ်ဆောင်ရွက်ပါက ၎င်း နိုင်ငံများမှ သက်ဆိုင်ရာ အာဏာပိုင်များသည် Viator မှတဆင့် ရရှိလာသည့် သစ်များကို စစ်ဆေးရန် လိုအပ်သည်။

Viator နှင့် ၎င်း၏ ပစ္စည်းတင်သွင်းပေးသည့် ကုမ္ပဏီများသည် အီးယူသို့ ကျွန်းသစ် တင်သွင်းရာတွင် ဖြစ်ပေါ်လာနိုင် သည့် ဆုံးရှုံးမှုများကို သဘောပေါက်ရုံမက စီးပွားအဖြစ် အသေအချာ ရွေးချယ်ကာ အရောင်းအဝယ် ပြုလုပ်ကြခြင်းဖြစ်နိုင်သည်။ EUTR စည်းမျဉ်းများကို လိုက်နာရန်မှာ မဖြစ်နိုင်ဟု ခံယူထားသည့် ဂျာမဏီ၊ ဘယ်လ်ဂျီယန်၊ နယ်သာလန်နိုင်ငံများသို့ တင်သွင်းပါက ဥပဒေနှင့် ငြိစွန်းသည်ကို သိသဖြင့် လက်တစ်လုံးခြား ဆောင်ရွက်ကြခြင်းလည်း ဖြစ်နိုင်သည်။ တရားဝင်သည်ဟု သက်သေ မပြနိုင်သည့် အန္တရာယ်ရှိသော သစ်များ အရောင်းအဝယ် ပြုလုပ်ခြင်းကို ရပ်တန့်မည့်အစား ခရိုအေးရှားမှ တဆင့် တင်သွင်းရန် ရွေးချယ်ကြသည်။ ခရိုအေးရှားက EUTR နှင့် ပတ်သက်ပြီး အရေးယူ ဆောင်ရွက်ခြင်း မရှိဟု ယူဆလျက် ကုန်သွယ်ခြင်းလည်း ဖြစ်နိုင်သည်။

EUTR မှ သတ်မှတ်ထားသည့် ဥပဒေဆိုင်ရာ တာဝန်များသည် သစ်တင်သွင်းသူများအတွက်သာ အဓိက ဖြစ်သော်လည်း ၎င်းတို့မှ တဆင့် ဆက်လက် ဝယ်ယူသူများ အနေဖြင့်လည်း ၎င်းတို့ အသုံးပြုသည့် သစ်များ သည် တရားမဝင် သစ်များဖြစ်နိုင်သည်ဟူသော အချက်ကို လျစ်လျူရှု မထားသင့်ပါ။ Vandecasteele Houtimport သည် ယူကေမှ ရွက်လှေ ကုမ္ပဏီများသို့ သစ်များ အဓိက ရောင်းချပေး သူဖြစ်သည်။ ရွက်လှေတည်ဆောက်ရေး ကုမ္ပဏီကြီးများဖြစ်သော Princess နှင့် Sunseeker တို့ သည် Vandecasteele ထံမှ ယခင်က သစ်များ ရယူခဲ့ဖူးသည့် မှတ်တမ်းများရှိသည်။[15] ထို့အပြင် Vandecasteele သည် ယူကေသို့ ကျွန်းသစ်အများ အပြားဆက်လက် တင်သွင်းနေသည်ဟု EIA က နားလည်ထားသည်။ Vandecasteele ၏ EUTR သတ်မှတ်ချက်များကို ရှောင်ရှားရန် အားထုတ်မှုများသည် ၎င်းသစ်များ၏ အရင်းအမြစ် ခိုင်မာမှု၊ နောက်ကြောင်းရှင်းမှုနှင့် ပတ်သက်ပြီး မေးခွန်းများ ပေါ်ပေါက်စေသည်။

ယခုဖြစ်စဉ်၌ ခရိုအေးရှားကုမ္ပဏီကို အသုံးချလျက် EUTR ကို လက်တစ်လုံးခြား လုပ်သည့် ကိစ္စကို ဖော်ထုတ် နိုင်သော်လည်း ဖြစ်စဉ်တစ်ခုလုံးကို ပုံဖော်နိုင်ခြင်းမရှိပါ။ ၂၀၁၈-၁၉ ခုနှစ်များ တွင် ခရိုအေးရှားမှ တဆင့် သစ် ၁၂၈ တန် ပို့ခဲ့ကြောင်း ပြေစာများအရ သိရသည်။ အများပြည်သူများ သိသာနိုင်ရန် ထုတ်ပြန်ထား သည့် သတင်းအချက်အလက်များအရ ၎င်း ၂ နှစ်တာ အတွင်း မြန်မာနိုင်ငံ မှ သစ်တန်ချိန် ၁၀၀၀ နီးပါး ခရိုအေးရှားသို့ ရောက်ရှိခဲ့သည်။ ၎င်းအရေအတွက်အရ မြန်မာနိုင်ငံမှ တရားမဝင်သစ်ဟု

[15] https://news.mongabay.com/2018/01/luxury-british-yacht-makers-vow-to-examine-supply-chains/

သတ်မှတ်နိုင် သည့် သစ်အများအပြားမှာ စစ်ဆေးနိုင်ခြင်း မရှိသေးသည်ကို ပြသလျက်ရှိသည်။ တစ်နည်းပြောရလျှင် EUTR နှင့် ကိုက်ညီမှု မရှိသည့် သစ်များဖြစ်သည်။ ခရိုအေးရှားတွင် သစ်အရောင်းအဝယ် ပြုလုပ်ပေးသည့် ကုမ္ပဏီများ ဆက်လက်ရှိနေနိုင်ပြီး၊ ဥရောပ တဝှမ်းတွင်လည်း ခရိုအေးရှားကို သစ်ဝင်ပေါက်အဖြစ် အသုံးပြုသည့် ကုမ္ပဏီများ ရှိနေနိုင်သည်။ ခရိုအေးရှား အာဏာပိုင်များ အနေဖြင့် တရားမဝင်ဟု သတ်မှတ် နိုင်သည့် အန္တရာယ်ရှိ သစ်များ အရောင်း အဝယ် ပြုလုပ်သည့် ခရိုအေးရှား သစ်တင်သွင်းသူများ အားလုံးကို စစ်ဆေး အရေးယူ မှုများ ပြုလုပ် သင့်သည်။

## တာဝန်ခံနိုင်မှု/စိစစ်ရေးစနစ် - ပြုပြင်မှုများ ပြုလုပ်နိုင်သည့်နေရာ

မိမိတို့ဒေသအတွင်းသို့ တရားမဝင်သစ်များ ဝင်ရောက်ခြင်းကို ကာကွယ်ရန်အတွက် ဥရောပသမဂ္ဂ၏ ကြိုးပမ်းမှုသည် EUTR ဖြင့် ဆောင်ရွက် ရာတွင် တရားဝင်ထုတ်ယူထားသည်ဟု ဆုံးဖြတ်ချနိုင်ရန် လုံလောက်သည့် စစ်ဆေးမှုများ (သို့) တာဝန်ခံနိုင်မှု (သို့) ကြိုတင်လေ့လာစုံစမ်းမှု ပြုလုပ်ထားသည့် သစ်များကိုသာ ကုမ္ပဏီများအနေဖြင့် တင်သွင်း လာစေရန်လည်း ပါဝင်သည်။ ဆိုလိုသည်မှာ ကုမ္ပဏီ နှင့် သစ်တင်သွင်းသူ များသည် အောက်ပါ အကြောင်းအရာများကို ပြုလုပ်ထားဖို့ လိုအပ်ပါသည်၊-

- သစ်ထုတ်ကုန်များ၊ ကုန်စည်လမ်းကြောင်း တစ်လျှောက်နှင့်ဆိုင်သည့် အချက်အလက်များကို သိရှိခွင့် ရှိစေရမည်။
- ကုန်စည်လမ်းကြောင်းတစ်လျှောက် တရားမဝင်သစ်များပါဝင်လာနိုင်အန္တရာယ်ကို ဆန်းစစ်ပါ
- ဆန်းစစ်၍ ပေါ်ပေါက်သည့် စိုးရိမ်ဖွယ်/အန္တရာယ်များကို ထိထိရောက်ရောက်လျှော့ချကာ တရားမဝင် သစ်ဖြစ်နိုင်ချေမှာ လျစ်လျူရှုနိုင်လောက်သည့် ပမာဏအောက်သို့ ရောက်နေစေရမည်။
- ၎င်းတို့၏ လုံလောက်သည့် စိစစ်မှုစနစ် နှင့် အမှန်တကယ် ဆောင်ရွက်မှုများကို ပုံမှန်သုံးသပ်စစ်ဆေးရပါမည်။

FLEGT နှင့် EUTR ကျွမ်းကျင်သူပညာရှင်များ အဖွဲ့က အကျဉ်းချုပ်တင်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံ၏ အခက်အခဲမှာ နိုင်ငံတွင်း အုပ်ချုပ်မှုလုပ်ငန်းစဉ်များ အားနည်းနေခြင်းကြောင့် စိစစ်မှုများ အပြည့်အဝ မလုပ်နိုင်ခြင်း၊ ကုန်စည်စီးဆင်းမှုလမ်းကြောင်းတစ်လျှောက် တောမှ ဆိပ်ကမ်းရောက်သည် အထိ သစ်တင်ပို့ရာ လမ်းကြောင်းတစ်လျှောက် တရားဝင်ဖြစ်ကြောင်း သက်သေပြရသည့် အခက်အခဲတို့ ဖြစ်သည်။ သို့သော်လည်း ကုမ္ပဏီများ အနေဖြင့်မူ လုပ်ငန်းအဆင်ပြေအောင် ဆောင်ရွက်နေမှုများရှိသည်။

Viator မှ ဝန်ကြီးဌာနသို့ တင်ပြခဲ့သည့် သဘော်ာ ဆယ်စီးစာ စာရွက်စာတမ်းများမှာ စိစစ်မှုစနစ်၏ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု မရှိပါ။ ၎င်းကုမ္ပဏီများသည် တရားဝင်သစ် တင်သွင်းမှုများ ပြုလုပ်နိုင်ချေရှိ သည့်တိုင်အောင် စိစစ်မှုများပြုလုပ်ခဲ့သည့် စာရွက်စာတမ်းများကို ပြသနိုင်သည့် သဘော်ာ တစ်စီးမျှ မရှိ သည်ကို တွေ့ ရသည်။ သဘော်ာတင်ပို့မှု ၁၀ ခုတွင်တွေ့ ရသည့် ပြဿနာများမှာ၊-

- သစ်တော (ခုတ်လှဲခွင့်ပါမစ်) မှ ဆိပ်ကမ်းအထိ (ဥပမာ ပြည်ပတင်ပို့ခွင့် လိုင်စင်) သစ် (သစ်ထုတ်ကုန်) ၏ တရားဝင်မှုကို ဖော်ထုတ် စိစစ်နိုင်သည့် စာရွက်စာတမ်းများကို သက်ဆိုင်ရာ အာဏာပိုင်များသို့ တင်ပြနိုင်ခြင်း မရှိပါ။ တင်ပြသည့်အခါများတွင်လည်း မပြည့်မစုံ တင်ပြမှုများ မကြာခဏ ဖြစ်ပေါ်နေ သည်။ (စာမျက်နှာ ၃ ရွက် ရှိသည့် စာရွက်စာတမ်းများမှ ၁ ရွက် ၂

ရွက်သာ တင်ပြခြင်း) ရံဖန်ရံခါ အရေးကြီးသည့် အချက်အလက်များ မပါသည့် စာမျက်နှာများ ဖြစ်နေသည်။ အာဏာပိုင်များ၏ တံဆိပ်၊ တံဆိပ်ခေါင်း သို့မဟုတ် လက်မှတ်များ မပါပဲဖြစ်နေသည်။ ၎င်း အားနည်းချက်များအပြင် သစ်တောဌာန စာညွှန်း အမှတ်များကို ပြင်ဆင်ထားသည် ဖြစ်သောကြောင့် ကုန်စည် လမ်းကြောင်းကို ခြေရာကောက်ရန်၊ တရားဝင်မဝင် ဆန်းစစ်ရန် အခက် အခဲများ ဖြစ်စေသည်။

- ကုမ္ပဏီတစ်ခုအနေဖြင့် EUTR သတ်မှတ်ချက် အားလုံးကို ပြည့်မီအောင် ဆောင်ရွက်ခဲ့သည်ဟု ပြသလိုပါက ဆက်စပ်သည့် စာရွက်စာတမ်းများ အားလုံးကို တင်ပြရန် လိုအပ်သကဲ့သို့၊ သက်ဆိုင်ရာ အာဏာပိုင်များ အလွယ်တကူ နားလည်နိုင်သည့် ဘာသာစကားဖြင့် လည်း တင်ပြရန် လိုသည်။ မြန်မာဘာသာဖြင့် ရေးသားထားသည့် စာမျက်နှာ အများအပြားကို စိစစ်ရသည့် သက်ဆိုင်ရာ/အခွင့်ရ အာဏာပိုင်များ (Competent Authority) ၏ အခက်အခဲများကို စဉ်းစား ပေးရန်လို သည်။ ဥပမာအားဖြင့် သဘော်တင်သွင်းမှု တစ်ခုအတွက် တင်ပြသည့် စာရွက် စာတမ်းများတွင် စာမျက်နှာ စုစုပေါင်း ၁၃၈ မျက်နှာပါရှိသည်။ ၇၇ မျက်နှာမှာ မြန်မာ ဘာသာဖြင့် သာ ဖြစ်ပြီး ဘာသာပြန် ထားမှု တစ်စုံတစ်ရာ မရှိပါ။ ကုမ္ပဏီများမှ သက်ဆိုင်ရာ အာဏာပိုင် များက လုပ်ငန်းများ အလွယ်တကူ ဆောင်ရွက်နိုင်ရန် ရှင်းလင်းသည့် စာရွက်စာတမ်းများ တင်ပြရန် အားထုတ်မှု နည်းခြင်းသည်လည်း ပူးပေါင်းခြင်း မရှိမှုသည်ကို မြင်တွေ့နိုင်သည်။ သက်ဆိုင်ရာ အာဏာပိုင်များ အဖို့ မှာလည်း စာရွက်စာတမ်းပါ စာသားများ သို့မဟုတ် မသဲကွဲသည့် အရေးအသားများကို မှန်းဆ ရာတွင် အခက်အခဲများရှိပါသည်။ ဖော်ပြပါ အခက်အခဲများသည် ကျွမ်းကျင်သူ ပညာရှင်များ အဖွဲ့က ထုတ်ပြန်သည့် စာတမ်းပါ အချက် အလက်များနှင့် တိုက်ဆိုင်နေသည်။  သစ်တင်သွင်းသူ အနေဖြင့် EUTR နှင့်အညီ ၎င်းတို့နှင့် သက်ဆိုင်သည့် စိစစ်မှုများ ပြုလုပ်နိုင်ရန် အချက်အလက်များ ရယူခွင့် မရှိခြင်း၊ စာရွက် စာတမ်းများ စစ်မှန် ခိုင်မာမှု ဆန်းစစ်နိုင်မှု မရှိခြင်း၊ တရားဝင်လမ်း ကြောင်းဖြင့် ထုတ်သည့် သစ်ဖြစ်ခြင်း မဖြစ်ခြင်း စသည်တို့ကို ဆန်းစစ်နိုင်မှု မရှိခြင်းတို့ဖြစ်သည်။
- ရန်ကုန်ဆိပ်ကမ်း အကောက်ခွန်မှ Rijeka ဆိပ်ကမ်း အကောက်ခွန်ရောက်ချိန် သစ်ထုတ်ကုန် များ၏ တန်ဖိုးပြောင်းလဲမှုမှာ မေးခွန်းထုတ်စရာ ဖြစ်နေသည်။ အမှုတွဲ တစ်ခုတွင်၊ ၃၀၀ ရာခိုင်နှုန်းအထိ ပြောင်းလဲသွားသည့် ဖြစ်စဉ် တစ်ခုရှိသည်။
- အချို့သော သဘော်တင်ပို့မှုများတွင် အမှန်တကယ်ပါဝင်သည့် ပစ္စည်းများနှင့် ပတ်သက်ပြီး ကွဲလွဲမှုများ ရှိသည်။ အကောက်ခွန်များ အနေဖြင့် ပါဝင်သည့် ပစ္စည်းများကို အလွယ်တကူ အမျိုးစား ခွဲနိုင်ရန်  နိုင်ငံတကာ သဘော်တင်ပို့ မှုများတွင် HS Codes ကုဒ် စနစ်ကို အသုံးပြုသည်။ ၎င်း စနစ်သည် အရေးကြီးသည်။ ဥပမာ သင့်တော်သည့် အခွန်နှုန်းထား ကောက်ယူနိုင်ရန် ကုဒ်စနစ် သည် အရေးကြီးသည်။ သဘော်တင်ပို့မှု အများအပြားတွင် HS ကုဒ်များကို အပြောင်းအလဲ ပြုလုပ်ထားသည်။ ဈေးနှုန်းကိုလည်း အပြောင်းအလဲလုပ်ထားသည်။ ရန်ကုန် ဆိပ်ကမ်းမှ စိစစ်လိုက်သည့် ကုဒ်အမှတ်မှာ (HS Code 4418) ဖြစ်ပြီး Rijeka ဆိပ်ကမ်း အရောက်တွင် (HS Code 4407) ဖြစ်သွားသည်။
- နောက်ထပ် ဂရုစိုက်ရမည့် ကိစ္စတစ်ခုမှာ သစ်ခုတ်လှဲသည့်အချိန်ဖြစ်သည်။ EIA မှ ကြည့်ရှုခဲ့သည့် စာရွက် စာတမ်းများအရ သစ်ပင်အများစုမှာ ၂၀၁၆-၂၀၁၇  ခုနှစ် စပ်ကြား သစ် အလုံးလိုက်

တင်ပို့ခွင့် မပိတ်မီ တွင် ခုတ်လှဲထားသည့် သစ်များဖြစ်သည်။ နောက်ခံ အကြောင်း အမျိုးမျိုးကြောင့် ယင်းအချက်သည် အလွန်ရေးပါသည့် အချက်ဖြစ်သည်။ သစ် အလုံးလိုက် တင်ပို့မှု ပိတ်ပင်ခြင်း မပြုမီတွင် နိုင်ငံပိုင် မြန်မာ့သစ်လုပ်ငန်းသည် ဥပဒေအရ ခွင့်ပြုထားသည့် ပမာဏ ထက်ပို၍ ခုတ်လှဲ ထုတ်လုပ်ခဲ့သည်။ ၎င်းသစ်များသည် တရားမဝင် ထုတ်လုပ်ထားသည့် သစ်များဖြစ်ပြီး ကုန်စည်စီးဆင်းမှု တစ်လျှောက်တွင် ၎င်းသစ်များ ပါဝင်လာခဲ့သည်။

ဖြစ်စဉ် အများစုအတွက် သဘော်တင်ခြင်းနှင့်ဆိုင်သည့် စာရွက်စာတမ်းအများစုကို စက်ာပူအခြေစိုက် Double Helix က မှန်ကန်ကြောင်း ထောက်ခံချက်ပေးထားသည်။ ယခု ဆွေးနွေးနေသည့် သဘော်တင်သည့် ဖြစ်စဉ်များတွင် ကုန်စည် စီးဆင်းမှု အဆင့်ဆင့် သို့မဟုတ် စာရွက်စာတမ်းများ ဥပဒေ ကြောင်းအရ တရားဝင်မှုနှင့် ပတ်သက် သည်ကို တင်ပြထားခြင်း မရှိဘဲ Double Helix က ဝန်ဆောင်မှုပေးခဲ့သည် သို့မဟုတ် မပေးခဲ့သည်ကို ရှင်းလင်းစွာ မသိရပါ။ သို့သော်လည်း Double Helix ကမူ ဥပဒေကြောင်းအရ တရားဝင်အောင် စိစစ် အတည်ပြုပေးခဲ့သည်ဟု ထုတ်ပြောခဲ့သည်။ စာရွက်စာတမ်းပေါ်နှင့် သက်ဆိုင်သည့် သက်သေခံ အသိ အမှတ်ပြုလက်မှတ်တွင် "ယခုသစ်များသည် သစ်ထုတ်ရန် သတ်မှတ်ထားသည့် သစ်တောများမှ မြန်မာ့ သစ်လုပ်ငန်း သို့မဟုတ် တရားဝင်လုပ်ခွင့်ရ ကန်ထရိုက်များက ထုတ်လုပ်ထားသည့် သစ်များ ဖြစ်သည်။ ဥပဒေနှင့်အညီ ဝယ်ယူ၊ ပြုပြင်ပြီး မြန်မာနိုင်ငံ၏ သတ်မှတ်ချက် ဥပဒေများနှင့် အညီ ရန်ကုန် ဆိပ်ကမ်းမှ တင်ပို့ခြင်းဖြစ်သည်" ဟု ရေးသား ဖော်ပြထားသည်။

Viator သို့သစ်ရောင်းချသည့် ကုမ္ပဏီများ၏ ခိုင်မာမှုနှင့်ပတ်သက်ပြီး အန္တရာယ်/စိုးရိမ်ဖွယ် ရှိမရှိ ဆန်းစစ်မှုတွင် Double Helix က သစ်ရောင်းချသည့် သူများအားလုံး၏ နောက်ကြောင်းလှည့် ဆန်းစစ်ခံနိုင်မှုနှင့် ပတ်သက်ပြီး "ဘာမျှမရှိ" ဟု ရေးသွင်းထားသည်။ သစ်ရောင်းချသူများသည် မြန်မာ့သစ်လုပ်ငန်းမှ ထုတ်ပေးသည့် စာရွက် စာတမ်းများပေါ်တွင် မှီငြမ်းထားသည်ကို သိလျက်နှင့် ထိုသို့ ရေးသွင်း ခဲ့ခြင်းဖြစ်သည်။ အလားတူ စစ်ဆေးမှု တစ်ခုတွင် Double Helix က မြန်မာ့သစ်လုပ်ငန်းမှ ထုတ်ပေးသည့် စာရွက်စာတမ်းနှင့် ပတ်သက်ပြီး မေးခွန်း ထုတ်ထားခဲ့ဘူးသည်။

EUTR သတ်မှတ်ချက်အရ Double Helix သည် သစ်တင်သွင်းသူအဖြစ် ဆောင်ရွက်နေခြင်း မဟုတ်သော ကြောင့် သဘော်တင်ပို့ မှုများနှင့်ပတ်သက်ပြီး စိစစ်မှုများပြုလုပ်ရန် တာဝန်ရှိသူ မဟုတ်ပါ။ Viator ကသာ တာဝန်ယူရ မည့် ကိစ္စဖြစ်သည်။ စာရွက်စာတမ်းများမှာ တရားဝင်စာရွက်စာတမ်းများ ဟုတ်မဟုတ် စိစစ်အတည်ပြု မရသည့် အခြေ အနေနှင့် ကုန်စည်လွှဲပြောင်းပိုင်ဆိုင်မှုကွင်းဆက်တွင် တရားဝင် သတ်မှတ် ထားချက်နှင့် အညီ ဆောင်ရွက်ထားမှု ရှိမရှိ ဆိုသည်ကို အတည်ပြုအဖွဲ့အစည်းက စိစစ် အတည်ပြုပေးသည်ဟု သတ်မှတ်ခွင့် မရှိပါ။ Double Helix ၏ ထုတ်ပြန် ချက်ဖြင့် EUTR နှင့် အညီ ဆောင်ရွက်ထားသည်ဟု သတ်မှတ်၍ မရပါ။

ဥရောပ ကုမ္ပဏီအချို့မှ မြန်မာ့သစ်တောများ ပျက်ဆီးခြင်း နှင့် တရားမဝင် သစ်ထုတ်လုပ်ခြင်းကို တွန်းအား ပေးနေသည့်လုပ်ရပ်ကို ဆောင်ရွက်နေသည်ဟု ဆိုနိုင်သည်။ ထိုကဲ့သို့ သော ဥပဒေ မလိုက်နာမှုများ၏ အကြောင်းအရင်းမှာ ဥရောပ ကုမ္ပဏီများနှင့်သာ ဆက်စပ်နေသလား သို့မဟုတ် မြန်မာ့သစ်လုပ်ငန်းမှ သစ်ဝယ်ယူသည့် အရှေ့တောင်အာရှမှ ကုမ္ပဏီများနှင့်ရော ဆက်စပ်နေ သလားဆိုသည်မှာ မရှင်းလင်းပါ။

အချို့သော အရှေ့တောင်အာရှ ကုမ္ပဏီများ၊  အမည်တပ်ကာ ပြောရလျှင် Cheung Hing & Co၊ Pacific Timber Enterprise Ltd၊ Thai Sawat – တို့သည်လည်း မြန်မာနိုင်ငံမှ တရားမဝင် သစ်များ ရောင်းဝယ်ခြင်းနှင့် ပတ်သက်ပြီး EIA အဖွဲ့က စုံစမ်းဖော်ထုတ်မှုတွင် ပါဝင် သည့် ကုမ္ပဏီများ ဖြစ်ကြသည်။[16]

ထပ်ဆောင်းပြောပြရလျှင်၊ Double Helix နှင့်လည်း ဆက်စပ်မှုရှိသည်။ တတိယအင်အားစုမှ စိစစ် အတည်ပြုပေးသည့် လုပ်ငန်းစဉ်ကို ဆောင်ရွက်စဉ် သဘော်တင်မှု အားလုံးသည် EUTR သတ်မှတ်ချက်နှင့် ကိုက်ညီသည်ဟု ဆိုထားသည်။ FLEGT/EUTR ကျွမ်းကျင်သူပညာရှင်များ အဖွဲ့၏ ထုတ်ပြန်ချက်အရ မြန်မာသစ် ကုန်သွယ်မှုအခြေအနေကို ပိုဆိုးစေသည့် အချက်မှာ၊ "ငွေကြေး အမြောက်အများ ပေးထားသည့် အကြံပေးများက နောက်ကြောင်းလှည့် စစ်ဆေးနိုင်ကြောင်း အသိအမှတ်ပြု လက်မှတ်များ ပေးနေခြင်း၊ ကျွန်း သစ်တင်လာသည့် ကွန်တိန်နာများအတွက် သီးခြားလွတ်လပ်သော တတိယ အင်အားစုက စိစစ်အတည်ပြုချက်များ ပေးခြင်းဖြင့် သစ်တင်ပို့သူများက ဥရောပနိုင်ငံများသို့ တင်ပို့ရန် စိစစ်မှုနှင့် ဆိုင်သည့် စာရွက်စာတမ်းများ လုံလောက်ပြီဟူသော အထင်ရှိသွားစေခြင်း" စသည် တို့ဖြစ်သည် ဟု ဆိုထားသည်။[17] Double Helix သည် သဘော်တင်ပို့မှု ၈ ခုအတွက် နောက်ကြောင်းလှည့် စစ်ဆေးနိုင်ကြောင်း လက်မှတ်ထုတ်ပေးခဲ့ပြီး အခြား ၂ ခုအတွက် လက်မှတ်ရေးထိုး အတည်ပြုပေးခဲ့သည်။

အထင်မှား အမြင်မှား ဖြစ်စေရန် လုပ်နေသည့် ကုမ္ပဏီမှာ Double Helix တစ်ခုတည်း မဟုတ်ပါ။ မကြာသေးမီက Houthandel Boogaerdt သည် နယ်သာလန် အာဏာပိုင်များ၏ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ချက် အပေါ် တုန့်ပြန် ထုတ်ပြန်ခဲ့ရာတွင်၊ "မြန်မာနိုင်ငံမှ ကျွန်းသစ်များကို တရားဝင်နည်းလမ်းဖြင့် ရယူ၊ ပြုပြင်ရန် နည်းလမ်းစုံဖြင့် ဆောင်ရွက်သည် သာမက PEFC (Programme for the Endorsement of Forest Certification) ခေါ် ရေရှည်တည်တံ့သော လက်မှတ်ကိုပါ စီမံပေးထားသည်။"[18] ၎င်းကြေညာချက်နှင့် ပတ်သက်ပြီး မေးခွန်းထုတ်နိုင်သည့် အခြေအနေ အများအပြားရှိသည်။ PEFC အသိအမှတ်ပြု သက်သေခံ လက်မှတ် သည် မြန်မာနိုင်ငံမှ ကျွန်းသစ်များအတွက် မရနိုင်ပါ။[19]

Boogaerdt သည် ၎င်း အသိအမှတ်ပြု သက်သေခံလက်မှတ်ကို Viator မှတဆင့် တင်သွင်းခဲ့သည့် သဘော်တင်မှု ၂ ခုအတွက်အသုံးပြုခဲ့သည်။ ၂ ခုလုံးတွင် အထက်ဖော်ပြပါ အမှားအယွင်းများ ပါရှိခဲ့သည်။ ဆိုလိုသည်မှာ တရားဝင်မှုကို အပြည့်အဝ စိစစ်အတည်ပြုထားခြင်း မရှိခဲ့သည့် တင်ပို့မှု ဖြစ်သည်။ သဘော်တင်ပို့မှု ၂ ခုလုံးတွင် PEFC နှင့် ဆိုင်သည့် စာရွက်စာတမ်းများလည်း တစ်ခုမှ မပါရှိပါ။

EUTR အပြင်၊ နယ်သာလန်တွင် ကုန်ပစ္စည်းကြေညာမှုဆိုင်ရာ ဥပဒေအရ ထုတ်ကုန်နှင့် ပတ်သက်သည့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်နှင့်ပတ်သက်ပြီး စားသုံးသူများအား အမှတ်မှား

[16] https://eia-international.org/wp-content/uploads/EIA-report-State-of-Corruption.pdf
[17] https://ec.europa.eu/transparency/regexpert/index.cfm?do=groupDetail.groupMeetingDoc&docid=39135
[18] https://www.boogaerdthout.nl/bericht/statement-onderzoek-teak/ (translated from Dutch). PEFC ဆိုသည်မှာ ရေရှည်တည်မြဲမှုစံနှုန်းနှင့် အညီထုတ်ထားသည့် သစ်ဖြစ်ကြောင်း သက်သေခံပေးသည့် စနစ်ဖြစ်သည်။
[19] မြန်မာနိုင်ငံသည် PEFC အဖွဲ့ ဝင်ဖြစ်သည်။ သို့သော်လည်း စီမံဆောင်ရွက်မှုများသည် PEFC သတ်မှတ်ချက်နှင့် ကိုက်ညီမှု မရှိသေးပါ။ https://www.pefc.org/news/myanmars-forests-gain-visibility-through-pefc-membership.

လမ်းလွဲစေသည့် ထုတ်ပြန်ချက် သို့မဟုတ် တိုက်တွန်းမှုများပြုလုပ်ခြင်းကို တားမြစ်ထားသည်။[20] Viator မှတင်ပြခဲ့သည့် စာရွက်စာတမ်းများသည် Boogaerdt က အဓိက အားပြုထားသည့် စာရွက်စာတမ်းဟု ဆိုပါက မြန်မာနိုင်ငံမှ ကျွန်းသစ်များကို တရားဝင်နည်းဖြင့် ထုတ်ယူထားသည် ဟူသော အဆိုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အသိအမှတ်ပြု လက်မှတ်များ ဟူသော အဆိုတို့သည် လမ်းလွဲစေသည်ဟု ယူဆရမည် ဖြစ်သည်။

Crown Teak က ၎င်း၏ ဝက်ဘ်ဆိုဒ်တွင်၊ "အမြဲတမ်းဝန်ထမ်းများခန့် ထားပြီး အစိုးရနှင့် နိုင်ငံတော်အဆင့် သစ်တော အာဏာပိုင်များက လစဉ်ပြုလုပ်သည့် လေလံပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် ကျွန်းသစ် လုပ်ငန်းတွင် မိမိတို့ ကုမ္ပဏီသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်" ဟု ဖော်ပြထားသည်။[21]

Vandecasteele Houtimport ၏ လုပ်ငန်း ရေရှည်တည်တံ့မှုဆိုင်ရာ အဓိဌာန် စာတမ်း (Corporate Sustainability Charter) တွင်၊ "ကုန်ကြမ်း သို့မဟုတ် ထုတ်ကုန်သည် တရားမဝင် ရင်းမြစ်မှ ထုတ်ယူထားခြင်း သို့မဟုတ် တရားမဝင်ရောင်း ဝယ်ဖောက်ကားခြင်းမှ ရရှိလာခြင်းမျိုး မဖြစ်စေရန် သစ်ရောင်းချသူများ နှင့် သစ်များကို ဆန်းစစ်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ မိမိတို့အနေဖြင့် ပေါ်ပေါက်လာနိုင်သည့် လွဲချော်မှု ကိစ္စရပ်များ ကို ရှောင်ရှားနိုင်ရန်လည်း အစီအမံများကိုလည်း ချမှတ်ဆောင်ရွက်သွားမည်" ဟု ဖော်ပြထားသည်။

ဆန်းစစ်မှုများ အင်တိုက်အားတိုက်ဆောင်ရွက်မည်ဟု ကြေညာချက်၊ တရားဝင် ရင်းမြစ်မှ ထုတ်ယူမှု တွင် လေးလေးနက်နက် ပါဝင်နေပါသည် ဟူသော ကြေညာချက်များသည် EUTR ကို ရှောင်ရှားနိုင်ရန် Viator Pula အား သစ်တင်သွင်းသူ အဖြစ် ရွေးချယ်ထားသည့် ကုမ္ပဏီ၏ အမှန်တကယ် ဆောင်ရွက်မှု နှင့် ပြောင်းပြန် ဖြစ်နေသည်။

ယခုစာတမ်းတွင် ပါဝင်သည့် ဥရောပမှ သစ်ကုမ္ပဏီများကို EIA အဖွဲ့က ဆက်သွယ်ပြီး စွပ်စွဲမှုများ အပေါ် ဖြေရှင်းရန် အခွင့် အရေး ပေးခဲ့သည်။

Viator Pula မှ Igor Popovič က  လွန်ခဲ့သည့် ၃ နှစ်က ခရိုအေးရှား နိုင်ငံမှ သက်ဆိုင်ရာ အာဏာပိုင်များက စစ်ဆေးခဲ့ပြီးဖြစ်ရာ လိုအပ်သည့် စာရွက်စာတမ်းများ မရှိကြောင်း တုန့်ပြန် ခဲ့သည်။ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ တွင်လည်း စစ်ဆေးမှုများ ရှိခဲ့ကြောင်းကို ဝန်ခံခဲ့ပြီး "ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် တိုက်တွန်းထားသည့် အပြုသဘောဆောင်သော တောင်းဆိုမှု" ကိုသာ ရရှိခဲ့ကြောင်းနှင့် မိမိတို့ဖက်မှ အရေးယူဆောင်ရွက်ပြီးသည်နှင့် "သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့က မိမိတို့ကုမ္ပဏီသည် EUTR နှင့် အညီဆောင်ရွက်သည်ဟူ၍သာ သုံးသပ်ချက် ပေးလိမ့်မည်" ဟု ၎င်းက ဆိုသည်။

Boogaerdt ၊ Vandecasteele Houtimport နှင့် HF Italy တို့က ၎င်းတို့သည် EUTR သတ်မှတ်ချက် အောက်တွင် သစ်တင်သွင်းသူ (operator) အဖြစ်ဆောင်ရွက်ခဲ့ခြင်း မရှိသောကြောင့် စိစစ်ရမည့် တာဝန်

20 https://www.reclamecode.nl/wp-content/uploads/2018/10/SRCNRCENboekje_oktober2017.pdf
21 http://crown-teak.com/index.php/teak-wood

ENVIRONMENTAL INVESTIGATION AGENCY

သည် ၎င်းတို့နှင့် သက်ဆိုင်ခြင်း မရှိဟု ဆိုသည်။ ၎င်းတို့၏ သွင်းကုန်နှင့် ပတ်သက်ပြီး ခရိုအေးရှား အာဏာပိုင်များက တစ်စုံတစ်ရာ မေးခွန်းထုတ်ခဲ့ခြင်း မရှိကြောင်း Vandecasteele က ဖော်ပြခဲ့သည်။

WOB Timber က EIA အဖွဲ့၏ စွပ်စွဲချက်များ ကို "အခိုင်အမာ ငြင်းဆိုခဲ့သည်"။ Boogaerdt နှင့် Vandecasteele တို့ကမူ သစ်များကို Viator မှ ရယူခြင်းဖြင့် EUTR ကို လက်တစ်လုံးခြား ဆောင်ရွက်နေသည် ဟူသော စွပ်စွဲချက်ကို ငြင်းဆိုခဲ့သည်။

ဆက်လက်ပြီး Boogaerdt က၊ "Boogaerdt သည် PEFC သက်သေခံလက်မှတ် ရယူသည့် အပြင် မြန်မာနိုင်ငံမှ ကျွန်းသစ်များကို စနစ်တကျ ထုတ်ယူသည့် စနစ်ဖြစ်ပေါ်စေရန် အားစိုက်၊ ငွေစိုက်ဆောင်ရွက် နေသည့် တစ်ခုတည်းသော ဥရောပ ကုမ္ပဏီဖြစ်သည်" ဟု ဆက်လက် ပြောဆိုခဲ့သည်။

Crown က၊ EIA မှ ပေးပို့သည့်စာကို လက်ခံရရှိကြောင်း သို့သော်လည်း "လက်ရှိ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖရိုဖရဲ ဖြစ်နေသည့် အခြေအနေတွင် တုန့်ပြန်မှု မပြုနိုင်ကြောင်း" ဖြေကြားခဲ့သည်။

## ရှေ့ လုပ်ငန်းစဉ်

EUTR သည် မိမိတို့ အဖွဲ့ဝင်နိုင်ငံများက ၎င်း စည်းမျဉ်းဥပဒေများကို လိုက်နာရန် အားပြုနေရချိန်တွင် မိမိတို့နယ်မြေအတွင်းရှိ သစ်တင်သွင်းသူများ လိုက်နာမှု မရှိသည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်။ ဆိုလိုသည်မှာ၊ ဤခရိုအေးရှားဖြစ်စဉ်တွင် ခရိုအေးရှား စိုက်ပျိုးရေး ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်နိုင်သည့် အရေးယူမှုမှာ Viator Pula ကို ဥပဒေနှင့် အညီ အရေးယူခြင်း ဖြစ်သည်။ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် စစ်ဆေးမှုပြုလုပ်ခြင်း၊ EUTR နှင့်အညီ ဆောင်ရွက်ရန် အမိန့်ထုတ်ခြင်း အားဖြင့် ခရိုအေးရှား သက်ဆိုင်ရာ အာဏာပိုင်သည် အရေးယူမှု၏ အရေးကြီးသည့် ပထမအဆင့်ကို ဆောင်ရွက်ခြင်းဖြစ်သည်။

၂၀၂၀ ခုနှစ်၊ ဩဂုတ်လ ၂၀ တွင် သင်္ဘောတင်သွင်းမှု ၄ ခုနှင့် ပတ်သက်သည့် စိစစ်မှုများကို ပြန်လည် ပြင်ဆင်နိုင်ရန် Viator သို့ခွင့်ပြုထားသည့် သတ်မှတ်ချိန် ကုန်ဆုံးမည်ဖြစ်သည်။ ဥရောပ တစ်ခွင်လုံးတွင် ထပ်တလဲလဲ တွေ့ရှိချက်များအရ မြန်မာ့ကျွန်းသစ်များအတွက် Viator ကုမ္ပဏီအနေဖြင့် လုံလောက်သည့် နောက်ကြောင်း စိစစ်မှုကို သတ်မှတ်ထားသည့် အတိုင်း လုပ်ဆောင်နိုင်လိမ့်မည် မဟုတ်ဟု EIA အဖွဲ့ က ယူဆသည်။ ခရိုအေးရှား၏ အကောင်အထည်ဖော်မှုဆိုင်ရာ ဥပဒေသတ်မှတ်ချက်အရ သက်ဆိုင်ရာ အာဏာပိုင်အနေဖြင့် ကြားဖြတ် ဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် အကောက်ခွန်ဝန်ကြီးဌာနသို့ လွှဲပြောင်း ပေးပြီး အရေးယူနိုင်သည်။ သစ်များကို သိမ်းဆည်းခြင်း၊ သစ် သို့မဟုတ် သစ်ထုတ်ကုန်များကို ဈေးကွက် တင်ခြင်းမှ တားမြစ်ခြင်းများ ပြုလုပ်နိုင်သည်။[22]

အခြားနိုင်ငံများလည်း အလားတူ အရေးယူဆောင်ရွက်သင့် သည်၊ သစ်များအား ဖမ်းသိမ်းခြင်း သို့မဟုတ် ခရိုအေးရှား ဈေးကွက်သို့ ကျွန်းသစ်တင်သွင်းခွင့်ကို ပိတ်ပင်လိုက်ခြင်းများအား ဆောင်ရွက်နိုင်သည်။[23]

[22] EUTR အပိုဒ် ၁၀ ဖော်ပြချက်နှင့်အညီ

[23] ဥပမာအားဖြင့် နယ်သာလန်၊ ဂျာမဏီ တို့တွင် ၎င်းလုပ်ငန်းများကို အကောင်အထည်ဖော်နေပြီဖြစ်သည်။

ခရိုအေးရှား အာဏာပိုင်များ၏ အရေးယူမှုသည်ကြိုဆိုရမည့် ကိစ္စဖြစ်သော်လည်း ယခုကဲ့သို့ EUTR အား လက်တစ်လုံးခြားဆောင်ရွက်သည့် ဖြစ်စဉ်သည် စည်းကမ်း ထိန်းသိမ်းမှုပိုင်းတွင် ပြဿနာများရှိကြောင်း၊ ပြုပြင်ရန် လိုအပ်မှုများ ရှိနေသေးကြောင်းကို ထင်ရှားစေသည်။ မကြာသေးမီက ပြင်ဆင်ခဲ့သည့် ခရိုအေးရှား အကောင် အထည်ဖော်မှုဆိုင်ရာ ဥပဒေအရ အာဏာပိုင်သည် EUTR စိစစ်မှုသတ်မှတ်ချက်ကို ချိုးဖောက်သည့် ကုမ္ပဏီအား ပြစ်ဒဏ်ချခွင့် မရှိပါ။[24] ဆိုလိုသည်မှာ Viator နှင့် Mr Popovič တို့သည် ဤအကြံအစည်တွင် ပါဝင်ခဲ့မှု မှ ရရှိခဲ့သည့် အကျိုးအမြတ်များ အားလုံးကို ဆက်လက် ခံစားခွင့် ရှိနေပေမည်။

ပါဝင်သည့် အခြားသော ကုမ္ပဏီများသည် သစ်တင်သွင်းသူများအဖြစ် ဝင်ရောက်လုပ်ကိုင်ခြင်း မရှိသည်ဖြစ်ရာ ၎င်းတို့သည် EUTR နှင့် သက်ဆိုင်မှု မရှိသဖြင့် အပြစ်ပေးခြင်းမှ ကင်းလွတ်ခွင့် ရနေကြပြန်သည်။ ရာဇဝတ်မှုအများ အပြားတွင် ပါဝင်သူများဖြစ်ကြသော အကူအညီပေးသူ၊ အားပေးသူ သို့မဟုတ် ပူးပေါင်းကြံစည်သူများ အားလုံးကို ပြစ်ဒဏ်ချမှတ်သည်ဖြစ်ရာ EUTR တွင်လည်း ၎င်းအတိုင်း ကျင့်သုံး သင့်သည်။ အချို့သော နိုင်ငံများမှ EUTR အကောင်အထည်ဖော်မှုဆိုင်ရာ ဥပဒေများတွင် ပါဝင် ကျူးလွန်သူအားလုံးကို သစ်တင်သွင်းသူနှင့် တစ်တန်း တည်း သတ်မှတ် အပြစ်ပေးသည် ဟု ဆိုထားသည်။[25] သို့သော်လည်း ခရိုအေးရှားအပါ အဝင် နိုင်ငံအများ အပြားတွင် ထိုသို့ သတ်မှတ်ထားခြင်း မရှိချေ။ သစ်တင်သွင်းသူများသည် EUTR သတ်မှတ် ချက်ကို ရှောင်ရှားနိုင်ရန် ကုန်စည် စီးဆင်းမှု လမ်းကြောင်း အပြောင်းအလဲ ပြုလုပ်လျက်ရှိရာ EUTR ချိုးဖောက် မှု အတွက် ချမှတ်သည့် ပြစ်ဒဏ်များသည် ထိုကဲ့သို့သော အပြုအမူများကိုလည်း အပြစ်ပေးနိုင်ရန်အတွက် အပြောင်း အလဲပြုလုပ်ရန် လိုသည်။ "ပြစ်မှုများတွင် ပူးပေါင်းကြံစည် ပါဝင်သူများ" ကိုလည်း အရေးယူနိုင်သည့် ဥပဒေဖြစ်ရန် အကောင် အထည် ဖော်မှုဆိုင်ရာ ပြုပြင်မှုများ ပြုလုပ်ရန် လိုအပ်သည်။

ခရိုအေးရှားနိုင်ငံ အာဏာပိုင်တို့၏ အရေးယူမှုသည် ခရိုအေးရှားက ဥပဒေကျင့်သုံးမှုအားနည်းသည့် နိုင်ငံမဟုတ်ကြောင်းကို သက်သေထူနိုင်ရမည်။ တရားမဝင်ထုတ်ယူသည့် သစ်ဖြစ်နိုင်ချေများသည့် သစ်များ လာရောက် စုပုံထားသည့်နေရာအဖြစ် သတ်မှတ်ခြင်းမှ ကာကွယ်သည့် ဆောင်ရွက်မှုဖြစ်ရန် လိုသည်။ သို့သော်လည်း အချို့သောနိုင်ငံများသည် ထိုသို့ချိုးဖောက်မှုများ ပြုလုပ်ရန် ပစ်မှတ်ထား ခံရနိုင်သေး သည်။ မြန်မာနိုင်ငံမှ သစ် အများအပြားသည် အီတလီ နှင့် ဂရိသို့ဆက်လက် ဝင်ရောက်ရန် အလားအလာ ရှိနေသေးသည်။[26] ၎င်းနိုင်ငံများမှ သက်ဆိုင်ရာ အာဏာပိုင်များ အနေဖြင့်လည်း နောက်ကြောင်း စိစစ်မှုလုပ်ငန်း အပြည့်အဝ ဆောင်ရွက်ခြင်း မရှိဘဲ EUTR သတ်မှတ်ချက်များကို ချိုးဖောက်သည့် သစ်တင်သွင်းသူများအား မလွတ်တမ်း အရေးယူရန် လိုအပ်သည်။

အီးယူအနေဖြင့် EUTR စည်းမျဉ်းဥပဒေကို တင်းတင်းကျပ်ကျပ် ကျင့်သုံးခြင်း မရှိပါက မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံများ၏ အားထုတ်မှုများသည် ဥရောပကုမ္ပဏီများ၊ အရှေ့တောင်အာရှမှ

---

24 https://www.zakon.hr/z/1011/Zakon-o-provedbi-uredbi-Europske-unije-o-prometu-drva-i-proizvoda-od-drva

25 ဥပမာအားဖြင့် ဘယ်လ်ဂျီယန်ဥပဒေအရ လက်ဆောင်ပေးခြင်း သို့မဟုတ် ကတိမက်လုံးပေးခြင်းဖြင့် EUTR ကို ဖောက်ဖျက်သည် ဆိုပါကလည်း ၎င်းချိုးဖောက်မှုအတွက် တာဝန်ရှိသည်။

26 Eurostat Comex မှ အချက် အလက်များ အရ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ တွင် မြန်မာနိုင်ငံမှ သစ် တန်ချိန် ၆၃၄.၄ ခန့် အီတလီသို့ ရောက်ရှိခဲ့သည်။ ၎င်းလတွင်ပင် မြန်မာ့သစ် ၅၅.၇ တန် ဂရိနိုင်ငံ သို့ရောက်ရှိခဲ့သည်။

၎င်းတို့၏ ကိုယ်စားလှယ်များနှင့် ဇိမ်ခံရွက်လှေ ပိုင်ရှင်များကြောင့် မေးမိုန်ကာ အရာမထင်ဘဲ ရှိနေဦးမည် ဖြစ်သည်။

## EIA အဖွဲ့အစည်း၏ အကြံပြု တိုက်တွန်းချက်များ

### ဥရောပရှိ သစ်တင်သွင်းရောင်းချသူများသို့

- EUTR အတွင်းမှ စည်းမျဉ်းဥပဒေ သတ်မှတ် ချက်များနှင့် ပါဝင်သည့် နောက်ကြောင်း စိစစ်မှု စနစ် (due diligence) ကို မြန်မာနိုင်ငံမှ သစ်ရောင်းချသူများ အားလုံးက အပြည့်အဝ နားလည် သဘောပေါက် နေစေရန်နှင့် ဆောင်ရွက်ပါ။ သစ်တင်သွင်းသူ အဖြစ်ဆောင်ရွက် သည် ဖြစ်စေ၊ မဆောင်ရွက်သည်ဖြစ်စေ EUTR အတိုင်း အပြည့်အဝ လိုက်နာ ဆောင်ရွက် ကြောင်း အတည်ပြုချက် ရှိထားရန်

### ဥရောပနိုင်ငံများမှ အခွင့် အာဏာရှိသူများသို့

- ဥရောပဈေးကွက်သို့ မြန်မာနိုင်ငံမှ ကျွန်းသစ် တင်သွင်းသူအားလုံးကို စစ်ဆေးမှုများ ဆက်လက်ပြုလုပ်ရန်
- အခြားနိုင်ငံများမှ တရားမဝင် ထုတ်လုပ်ထားမှု ဖြစ်နိုင်ချေများသည့် သစ်များအပေါ်တွင်လည်း အာရုံစိုက်ရန်
- အခြေအနေပေးပါက၊ EUTR စည်းမျဉ်းဥပဒေကို လက်တစ်လုံးခြားပြုလုပ်သည့် အစီအစဉ်တွင် ပါဝင်သည့် ကုမ္ပဏီများ ကို အရေးယူကာ နောင်တွင် ဥပဒေနှင့် ငြိစွန်းသည်များ ဆက်လက် ဆောင်ရွက်လိုစိတ် မရှိစေရေး ထိရောက်သည့် ပြစ်ဒဏ်သော်၎င်း၊ အချိုးကျ ထိုက်တန်သည့် ပြစ်ဒဏ်သော်၎င်း၊ မပြုလုပ်ရန်တားမြစ်ခြင်းများ သော်၎င်း ချမှတ်ထားရှိရန်
- လှို့ဆော်ခြင်း၊ ပံ့ပိုးကူညီခြင်း သို့မဟုတ် ပူးပေါင်းကြံစည်ခြင်း အပါအဝင် EUTR ကို ချိုးဖောက်ရာတွင် ပါဝင်ပတ်သက်သူများအား အရေးယူနိုင်ရန်အတွက် အကောင် အထည် ဖော်မှုဆိုင်ရာ ဥပဒေကို ပြုပြင်ရန်

### မြန်မာနိုင်ငံအစိုးရသို့

- ဝယ်ယူသည့်နိုင်ငံများ၏ အကူအညီဖြင့် သစ်တော ကဏ္ဍပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ရန်သော်၎င်း၊ တရားဝင်သစ်ဖြစ်ကြောင်းကို အဓိပ္ပါယ်ဖွင့် ဆိုရေး အတွက် နိုင်ငံတော်/အမျိုးသား အဆင့် ညွှန့်ပေါင်းအဖွဲ့ တစ်ခုဖွဲ့စည်းရန်။ ယင်းညွှန့်ပေါင်းအဖွဲ့တွင် အရပ်ဘက်လူမှု အဖွဲ့အစည်း၊ ဌာနေတိုင်းရင်းသား လူမျိုးစုများ၊ အသက်မွေးဝမ်းကျောင်းမှု အတွက် သစ်တောကို အားထားရသည့် ဒေသခံများကို ထည့်သွင်းရန်။
- ဥပဒေကျင့်သုံးမှု ရလဒ်များနှင့်ပတ်သက်ပြီး ပို၍ပွင့်လင်းမြင်သာသည့် စနစ်ကိုဖန်တီးရန်၊ ၎င်းတွင် ဖမ်းဆီးရမိသည့် သစ်မျိုးစိတ်များနှင့် ပတ်သက်သည့် သတင်း အချက်အလက်များကိုလည်း ထည့်သွင်း ဖော်ပြရန်။